TWO Cats PUBLICATION

www.burmeseclassic.com

# Night at Grandeur Graveyard

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# မင်းခိုက်စိုးစန်

သန့်ျိုင်းတော်ည

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ...... | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ...... | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ...... | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်း၊ ပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၃၉၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၇၉၉၁၀၁၁

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၁၁ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

သံချိုင်းတော်ည/မင်းခိုက်စိုးစန်။ –ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၁။
၁၄၀–စာ ၊ ၁၈.၅ x ၁၃.၅ စင်တီ။ (၁)သံချိုင်းတော်ည


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁။ သူမနှင့် အလောင်းအစား

၂။ ကလေးဘဝပျောက်ဆုံးခြင်း

၃။ တေလေ

၄။ သချိုင်းတော်ည

၅။ ကွန်းခိုရိပ်သာ

၆။ ဆောင်း

၇။ ကိုယ့်ဦးခေါင်း ကိုယ်ပြန်ရွက်ထားရတဲ့ နတ်ဆိုး

၈။ အဆိပ်နှင့်လူ



BURMESE CLASSIC .com

# သူမနှင့် အလောင်းအစား



www.burmeseclassic.com

www.burmeseclassic.com



# တစ်

## (၁)

ကျွန်တော်နှင့် သူမတို့နှစ်ဦးကြားတွင် (သမားရိုးကျမဆန်သော) စိန်ခေါ်မှုတစ်ခုရှိပါသည်။ ထိုစိန်ခေါ်မှုမှာ “ချစ်တယ်” ဟူသောစကားကို မည်သူကမှ စတင်ပြီး အတိအလင်း ဖွင့်ဟ မပြောဖို့ပင် ဖြစ်၏။

ကျွန်တော်ကဖြစ်စေ၊ သူမကဖြစ်စေ၊ တစ်ယောက်ယောက်က စတင်ပြီး . . .

“ငါ. . . မင်းကိုချစ်တယ်”

ဟုပြောလာလျှင် ထိုပြောမိသူဘက်က ရှုံးနိမ့်စတမ်းဟု နှစ်ဦးနှစ်ဖက် သဘောတူထားကြပါသည်။ (ဘဝဆိုသည်မှာ အမြဲတမ်း နိုင်ပွဲတွေချည်း ဆက်နေရမည်ဟု မခံယူထားသည့်တိုင်) ကျွန်တော့်ဖင်ကို စိတ်ရင်းအတိုင်း ပြောရမည်ဆိုလျှင်တော့ ကျွန်တော့်အနေဖြင့် ထိုမိန်းမ



www.burmeseclassic.com

www.burmeseclassic.com

ထံမှာ ဘယ်လိုနည်းနှင့်မျှ အရှုံးနိမ့်မခံလိုပါ။

နောက်ပြီး ထိုကစားနည်းအတွက် လောင်းကြေးကလည်း ကြီးမားလွန်းလှပါသည်။

"ချစ်တယ်" ဟု စတင် ဝန်ခံမိသည့် ရှုံးနိမ့်သူထံသို့ အနိုင်ရသူက သစ်ပင်တစ်ပင် (မည်သည့် အမျိုးအစားမဆို) ပို့ပေးခွင့်ရှိပြီး အရှုံးသမားဘက်က ထိုသစ်ပင်လေး ရှင်သန်နေသမျှ ကာလပတ်လုံး ဂရုတစိုက်ပြုစုစောင့်ရှောက်ထားရမည်ဟူသော လောင်းကြေးဖြစ်၏။

●





BURMESE CLASSIC .com

(၂)

ဘယ်လို သစ်ပင်အမျိုးအစားကို ပေးပို့မလဲဟူသည့် အချက်ကတော့ အနိုင်ရသူ၏ ကရုဏာပေါ်တွင် မူတည်ပါသည်။

တစ်ရာသီခံသစ်ပင်၊ နှစ်ရာသီခံ သစ်ပင်လောက်ဆိုလျှင် ကိစ္စမရှိ။ ထိုသစ်ပင်ကို ပြုစုစောင့်ရှောက်ရမည့် ရှုံးနိမ့်သူအတွက် ဝတ္တရားမကြီးလှ။ သည်လို မဟုတ်ဘဲ နှစ်ရှည်ခံပင် တစ်ပင်သာ ဖြစ်မည်ဆိုလျှင်တော့ အဲသည်သစ်ပင်အတွက် ရှုံးနိမ့်သူက ဘဝတစ်ခုလုံး ပေးရတော့မည်ဖြစ်၏။

လောင်းကြေးစားကြေးများကို မက်မောတတ်သော ထိုမိန်းမ၏ ရင်ထဲတွင် ကရုဏာတရားရှိလိမ့်မည်ဟု ကျွန်တော် လုံးဝ မယုံကြည်ပါ။

ထို့ကြောင့် . . .

●



www.burmeseclassic.com

www.burmeseclassic.com

(၃)

ကျွန်တော် ထိုမိန်းမကို သေလောက်အောင်ချစ်သည်။ သို့သော် ဒီတစ်သက်တွင် ဘယ်တော့မှ သူမကို ချစ်သည့်အကြောင်းမပြောတော့ဟု ကျွန်တော် ဆုံးဖြတ်ချက်ချထား၏။

●



BURMESE CLASSIC .com



နှစ်

(၁)

ဖန်ပန်းဆိုင်းထဲတွင်ထည့်ကာ ထွန်းညှိထားသောဖယောင်းတိုင်မီး၏ အလင်းရောင်က ညကို နွေးထွေးစေသည်ဟု ခံစားရ၏။

အခန်းထဲတွင်ထိုင်ရင်း ကျွန်တော့်ကိုယ်ကျွန်တော် ကလေးငယ်ကလေးတစ်ယောက်လို ထင်မြင်လာမိသည်။

အမှောင်တွေက ကျွန်တော်၏ ပုခက်ဖြစ်ပြီး ဖန်မီးဆိုင်းများကြားမှ ရွှေရောင်အလင်းတွေက ညသိပ်ပုံပြင်တစ်ပုဒ် ဖြစ်လေသည်။

ကျွန်တော် ထိုသို့စဉ်းစားမိန်းမောနေခိုက်တွင် 'သူမ'ကတော့ ဖဲချပ်များကို စားပွဲပေါ်ဖြန့်ခင်းကာ တစ်ယောက်တည်း ကစားနေ၏။

●


www.burmeseclassic.com

www.burmeseclassic.com



(၂)

"သူမ" ကစားနေသော ဖဲကစားနည်း၏အမည်ကို ကျွန်တော် မခေါ်တတ်ပါ။ (ကျွန်တော်က ဖဲချပ်များနှင့် အကျွမ်းတဝင် နေထိုင်လေ့ ရှိသူမဟုတ်။ ပို၍ တိတိကျကျပြောရလျှင် ကျွန်တော်သည် ဖဲချပ်များကို မုန်းတီးရွံရှာစွာ ရှောင်ရှားတတ်သူ တစ်ယောက်ဖြစ်ပါသည်)

ယခုတော့ ဘာမှမတတ်နိုင်ပါ။

ဖဲချပ်တွေကို စားပွဲပေါ်မှာ အစီအရီဖြန့်ခင်းနေသည့် မိန်းမ တစ်ယောက် ရှေ့မှောက်၌ စိတ်မသက်သာစွာ ထိုင်နေရသည့်အဖြစ်က ဆိုး ရွားလွန်းပါသည်။

တိတ်ဆိတ်နေသော ညဝ်၏အလင်းရောင် မှောင်ရီပိုးတဝါးထဲတွင် ဖဲချပ်အချင်းချင်း ထိသံ တဖျတ်ဖျတ်သာ မင်္ဂလာမဲ့စွာပေါ်ထွက်နေ၏။ ကျွန်တော်က လှမ်းပြောလိုက်သည်။

"အဲဒီ ဖဲချပ်တွေကို ချထားလိုက်စမ်းပါကွာ"





ကျွန်တော့်ပါးစပ်က ထွက်လာသောအသံသည် ကျွန်တော့်အသံ နှင့်မတူပါ။ ဒါဟာ ညရဲ့ စက်ဆုပ်ချောက်ချားစရာကောင်းတဲ့ လှည့်စား မှုပဲ။

သူမကတော့ အေးတိအေးစက်ပင် ပြန်မေး၏။

"ဘာဖြစ်လို့လဲ"

သေလိုက်စမ်းပါတော့။ မိန်းမတစ်ယောက်က အဲသည်လို ပြန် အမေးခံရတာမျိုးလောက် အခံရခက်တာမရှိ။ ကျွန်တော်က . . .

"ကိုယ် တစ်ခုခုပြောလိုက်တိုင်း အဲသည်လို "ဘာဖြစ်လို့လဲ" ဆိုတဲ့ စကားနဲ့ ပြန်မမေးစမ်းနဲ့ကွာ"

စိတ်ပျက်လက်ပျက်ဖြင့် ညည်းတွားသလိုပြောလိုက်သော ကျွန်တော့်လေသံကြောင့် သူမ ရယ်သည်။ အတော် ခြောက်ကပ်ကပ် ရယ်လိုက်ခြင်းဖြစ်သောကြောင့် ရယ်သံနှင့်မတူဘဲ အံကြိတ်ညည်းညူ သံနှင့် ပိုတူနေလေသည်။

"ကိုယ်က အလောင်းအစားနဲ့ ပတ်သက်တဲ့ အနံ့အသက်တွေကို စက်ဆုပ်တယ်ဆိုတာ မင်းသိရဲ့သားနဲ့"

ကျွန်တော်ပြောသောစကားကို သူမ အလေးအနက်ထားပုံ မပေါ် ပါ။ ခေါင်းကိုသာ ဖြည်းဖြည်းညင်းညင်း ခါယမ်းနေသည်။ ကျွန်တော် နောင်တရသွား၏။ ငါက ဘာဖြစ်လို့ ဒီလို မိန်းမတစ်ယောက်ရဲ့ရှေ့မှာ ကလေးလေးတစ်ယောက်လို ခံစားနေရတာလဲကွယ်။ ဒါဟာ ဝဋ်ကြွေး ပါပဲ။

မှုန်ရီဝေဝါးသောအလင်းထဲတွင် သူမ၏အရိပ်သည် အဆမတန် ရှည်မျောကြီးမားလျက်ရှိပြီး ကျွန်တော့်အရိပ်ကတော့ သေးကွေးကျုံ့ဝင်



www.burmeseclassic.com

www.burmeseclassic.com

နေ၏။ (သူမက ဖယောင်းတိုင်ဖန်အိမ် တင်ထားရာ စားပွဲနှင့်ကပ်လျက် ထိုင်ပြီး ကျွန်တော်က အလင်းနှင့်ဝေးနေသောကြောင့်လည်း ဖြစ်နိုင်ပါသည်)

သူမက မထိမဲ့မြင်လေသံဖြင့် . . .

"ကျွန်မကတော့ လောင်းကစားရတာကိုကြိုက်တယ်"

အဲသည်လောက် စိတ်ဆင်းရဲစရာကောင်းတဲ့ ဆန့်ကျင်မှုမျိုးကို ဟောဒီကမ္ဘာပေါ်က ဘယ်နေရာမှာ ရှာဖွေတွေ့ရှိနိုင်ဦးမှာလဲ။

ကျွန်တော်က . . .

"လောင်းကစားတာကိုကြိုက်တာ ကလေးစိတ် မကုန်သေးလို့ကွ၊ ကလေးတွေလို စိတ်လှုပ်ရှားရတဲ့အရသာမျိုးလိုချင်လို့ လောင်းကစားတာ"

ထိုစကားကို ပြောနေရသည့်အခိုက်အတန့်တွင် ကျွန်တော့်ကိုယ်ကျွန်တော် သူမထက်ပိုပြီး ခမ်းနားအားကောင်းသော စိတ်ဓာတ်တစ်ခုကို ပိုင်ဆိုင်နေရသူလိုမျိုး ကြီးစား အောက်မေ့ကြည့်နေမိ၏။

"ရှင် . . . မှားသွားပြီ"

သူမက အေးစက်စက်ပြောရင်း လက်ထဲမှ ဖဲချပ်တစ်ချပ်ကို စားပွဲပေါ်ကို ချစီလိုက်၏။

သူမ၏မျက်လုံးများက ဖဲချပ်တွေပေါ်မှာသာ စူးစိုက်နေဆဲ။

ကျွန်တော့်ကို မော့မကြည့်ဘဲ သူမက ပြော၏။

"သူများတွေကတော့ ဘယ်လိုစိတ်နဲ့ လောင်းကစားလဲမသိဘူး။ ဒါပေမဲ့ ကျွန်မကတော့ စိတ်လှုပ်ရှားချင်လို့ လောင်းကစားတတ်တဲ့သူတစ်ယောက် မဟုတ်တာ သေချာတယ်"





သူမသည် စိတ်ခံစားမှုနည်းပါးလွန်းသူဖြစ်ကြောင်း ကျွန်တော်အစောကြီးကတည်းက နားလည်ခဲ့ဖို့ကောင်းပါသည်။ သူမကဆက်၍ . . .

"ကျွန်မက လောင်းကစား က ရတဲ့ အကျိုးအမြတ်ကို မျှော်လင့်စားသုံးတတ်တဲ့ လူစားမျိုးလည်းမဟုတ်ဘူး"

"ဆိုစမ်းပါဦး၊ ဒါဖြင့် မင်းကဘာလဲ"

ကျွန်တော်က ခပ်ငေါ့ငေါ့မေးလိုက်၏။ သူမက စားပွဲပေါ်တွင် ချစီထားသော ဖဲချပ်များကို ပြန်ကောက်သိမ်းယူကာ ကျွမ်းကျင်စွာဖြင့် ကုလားဖန်ထိုးလိုက်ရင်း . . .

"ယှဉ်ပြိုင်တဲ့ပွဲတစ်ခုမှာ ကျွန်မယုံကြည်တဲ့ဘက် တစ်ဘက်ဘက်က အခိုင်အမာ ရပ်တည်ရဲတယ်ဆိုတဲ့အချက်တစ်ချက်ကို ပြရုံသက်သက်လေးပါပဲ"

ဟုပြောပြီး သူမကိုယ်သူမ ယုံကြည်မှုရှိလွန်းနေသည့် အပြုံးတစ်ခုကို ပိုင်ပိုင်နိုင်နိုင်ကြီး ပြုံးလိုက်လေသည်။

(ယောကျ်ားရင့်မာကြီးတစ်ယောက်အနေဖြင့် ပါးစပ်မှထုတ်ဖော်ဝန်ခံဖို့ မကောင်းစေကာမူ) ကျွန်တော့်ရင်ထဲမှ ခံစားချက်ကို အမှန်အတိုင်း ပြောရမည်ဆိုလျှင်ဖြင့် ကစားပွဲတစ်ခုခုမှာ သူမ လှလှပပကြီး ရှုံးနိမ့်သွားသည်ကို ကျွန်တော် အရသာခံကာ မြင်ချင်တွေ့ချင်လှပါသည်။


www.burmeseclassic.com

www.burmeseclassic.com

## သုံး

### (၁)

မိုးရာသီကုန်ပြီးစ အစိမ်းရောင်နေ့ရက်တစ်ရက်ဖြစ်သည်။

မိတ်ဆွေတစ်ယောက်က ကျွန်တော့်အတွက် လက်ဆောင်ဟုဆိုကာ ပန်းသီးတစ်ဒါဇင် လာပို့သွားသည်။ ပန်းသီးတွေက နီရဲရွှမ်းစိုကာ ပြည့်တင်းချောမွတ်နေ၏။

ချက်ချင်းဆိုသလိုပင် ကျွန်တော့်ရင်ထဲမှာ သူမကို သတိရလိုက်မိသည်။ သူမက ပန်းသီးတွေကို သိပ်ကြိုက်တတ်သည် မဟုတ်လား။

"ဒီပန်းသီးတွေကို သူမထံသို့ သွားပေးလိုက်ရင် ကောင်းမလား" ဟု မိုက်မဲစွာ တွေးလိုက်မိပြီးမှ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြီး ဒေါသထွက်သွား၏။

ကြည့်စမ်း. . . ငါဟာ သိပ်ကို ရှုံးနိမ့်နေပါရောလား၊ ဘာဖြစ်လို့





များ အရာရာတိုင်းမှာ သူမအတွက်ချည်းပဲ သတိတရဖြစ်ဖြစ်ပေးနေရတာလဲကွယ်၊ အဲဒီ အမိုက်မကို သူ့ဘာသာသူ နေပါစေလား။

ကျွန်တော် ထိုသို့ ချီတုံချတုံစဉ်းစားနေခိုက် ဖုန်းမြည်လာသဖြင့် ကောက်ကိုင်လိုက်သည်။ ဖုန်းပေဂျာတွင်ပေါ်နေသည့်နံပါတ်ကို မြင်ကတည်းက "သူမ" မှန်းသိသောကြောင့် ကျွန်တော်က လေသံခပ်တင်းတင်းဖြင့် . . .

"ပြော. . . ဘာကိစ္စလဲ"

"အခုလေးတင်ပဲ ကျွန်မတပည့်တစ်ယောက်က ကျွန်မအတွက်ဆိုပြီး ရေခဲမုန့်တွေလာပို့သွားတယ်။ အဲဒါ ရှင် ရေခဲမုန့် ကြိုက်တတ်မှန်းသိလို့ လှမ်းခေါ်တာ"

ဘယ်ဆိုးလို့လဲ။ ကျွန်တော့်စိတ်ထဲမှ ကျိတ်ပြီးပြုံးဖြစ်၏။ တစ်ခါတလေမှာ ကျွန်တော့်ဘက်က ဒီလို အသာစီးရမှုမျိုးတွေလည်း ရဖို့လိုအပ်တာပေါ့။

ထိုစဉ် သူမက . . .

"ကဲ. . . ဘယ်လိုလဲပြော၊ ရှင် ကျွန်မဆီကို လာခဲ့မှာလား"

သည်လိုမေးခွန်းမျိုးကို ချက်ချင်း ခေါင်းညိတ်အဖြေပေးလိုက်ဖို့ မသင့်ဟု ကျွန်တော်ထင်သည်။ (ရှားရှားပါးပါးရလိုက်သော ဆုဖလားကို တစိမ့်စိမ့်ကြည့်ရသလိုမျိုး) သူမ၏ ဂရုတစိုက်ပြုဖော်ခံရသောအဖြစ်ကို ခံစားရင်း နောက်ထပ် စက္ကန့်သုံးဆယ်လောက် ကျွန်တော် မြိန့်မြိန့်ကြီး ပြုံးချင်နေပါသေးသည်။

သို့သော် ကျွန်တော့်ဘက်က ဘာမှ မတုံ့ပြန်နိုင်ခင်မှာပင် သူမ



www.burmeseclassic.com

www.burmeseclassic.com


က စိတ်မရှည်သော လေသံငေါက်ဆတ်ဆတ်ဖြင့် . . .

"ကဲ. . . ဘယ်လိုဖြစ်နေတာလဲ၊ လာမှာလား မလာဘူးလား၊ ဒီလောက်ကိစ္စလေး ဆုံးဖြတ်ဖို့ကိုတောင် ရှင့်ဦးနှောက်က လေးလံလှချည်လား၊ မြန်မြန်လုပ်။ ရေခဲမုန့်ကတော့ ရှင့်အဆုံးအဖြတ်ကို စိတ်ရှည်လက်ရှည် ထိုင်စောင့်နေမှာမဟုတ်ဘူး။ သဘောပေါက်လား။ ဒီမှာ ရေခဲမုန့်တွေ အကုန်အရည်ပျော်ကုန်တော့မယ်"

တပည့်တစ်ယောက်ကို ဆူသည့်လေသံမျိုးဖြင့် ကျွန်တော့်ကို သိမ်ငယ်အောင်လုပ်ရသည့်အတွက် သူမ ဝမ်းသာချင်ဝမ်းသာနေပေလိမ့်မည်။ ကျွန်တော့်နှလုံးအိမ်ထဲမှာ ဖြုန်းခနဲ နာကျင်ကျင်ဖြစ်သွား၏။ ထို့ကြောင့် ကျွန်တော်က . . .

"တော်ပြီ. . . လုံးဝမလာဘူး။ မင်းကျွေးမယ့်ရေခဲမုန့်ကိုလည်း လုံးဝ မစားဘူး။ ဒါပဲ"

ဆောင့်ကြီးအောင့်ကြီးပြောပြီး ကျွန်တော် ဖုန်းချလိုက်သည်။

●



(၂)

ထို့နောက် ချက်ချင်းပင် ကားတစ်စီးငှားပြီး လှည်းတန်းသို့ ထွက်လာခဲ့သည်။ အဲသည်မှာ ရေခဲမုန့်သုံးပွဲမှာပြီး ကျွန်တော်တစ်ယောက်တည်း မကုန်မချင်း ထိုင်စားပစ်လိုက်၏။

●


www.burmeseclassic.com

www.burmeseclassic.com

## လေး

### (၁)

မြောက်ဥက္ကလာပဆေးရုံကြီး၏ သားဖွားဆောင်သည် ထုံးစံအတိုင်း မွေးကင်းစကလေးငယ်တို့၏ ငိုကြွေးသံများ၊ မိခင်တို့၏ နာကျင်စွာ အော်ဟစ်ညည်းညူသံများဖြင့် ပန်းနုရောင်သန်းနေ၏။ ညအချိန်ဖြစ်သောကြောင့် သူနာပြုဆရာမများ၊ ဝန်ထမ်းများ၏ လှုပ်ရှားမှုသည် နေ့လယ်နေ့ခင်းကလောက် ရှုပ်ရှုပ်ထွေးထွေး ယောက်ယက်ခတ်မနေတော့။

အားလုံးသည် သူ့အသားတကျရှိမှုနှင့်သူ စည်းချက်မှန်မှန်လည်ပတ်နေ၏။ ဒီ သားဖွားဆောင်တွင် ကျွန်တော် ညဂျူတီကျနေသည်မှာ ဆယ့်တစ်ရက်ရှိပြီ။ တာဝန်အချိန်ဇယားအရဆိုရင် အလုပ်သင်ဆရာဝန်တစ်ယောက်အနေဖြင့် ညဂျူတီ ဆယ့်လေးရက်ဆက်တိုက် ဝင်





ရမည်ဖြစ်၏။

ယခုလေးတင်ပင် သားဦး ကိုယ်ဝန်ဆောင် မိခင်တစ်ယောက်ကို မွေးဖွားခဲ့ပြီး၍ မွေးခန်း(Labour Room) ထဲမှ ကျွန်တော် ပြန်ထွက်လာခဲ့ခြင်းဖြစ်၏။ မွေးရာဖွားရာတွင် အခက်အခဲမရှိသဖြင့် သိပ်အားစိုက်ခွန်စိုက် မလုပ်ရသော်လည်း ကျွန်တော်ကိုယ်တိုင်က ဆယ့်တစ်ညတိတိ အိပ်ရေးပျက်ထားသဖြင့် ပင်ပန်းနွမ်းနယ်နေ၏။

နောက်ပြီး အခုတလော ရင်ဘတ်ထဲကလည်း အောင့်အောင့်နေသည်။ Night Duty တွေ အားလုံးဆင်းပြီးတော့မှပဲ နေ့လယ်နေ့ခင်းတစ်ရက်လောက် Medical Ward ကိုသွားပြီး ဆေးစစ်ဦးမယ်ဟု ကျွန်တော် စိတ်ကူးလိုက်၏။

ထိုစဉ် သူနာပြုဆရာမတစ်ယောက်က . . .

"ဆရာ. . . ဒီမှာ ဆရာလက်မှတ်ထိုးဖို့ စာရွက်တွေ"

မွေးဖွားပေးသူ ဆရာဝန်ကိုယ်တိုင် ရေးဖြည့်သွင်းရမည့် မွေးဖွားစဉ်အနေအထား၊ ချက်ကြိုးနှင့် အချင်း၏ အခြေအနေ၊ မွေးပြီး သွေးလွန်မှု ရှိ မရှိ စသော အချက်အလက်ပုံစံစာရွက်များကိုလာပေး၏။ ကျွန်တော်က . . .

"ဟုတ်ကဲ့ ဆရာမ၊ စားပွဲပေါ်ပဲ တင်ထားလိုက်ပါ။ ကျွန်တော်ပြီးမှပဲ ရေးလိုက်မယ်၊ ခုတော့ အမောပြေ ကော်ဖီလေးတစ်ခွက်လောက် သောက်ချင်သေးတယ်"

ပြောပြောဆိုဆိုနှင့်ပင် ကျွန်တော်က ကော်ဖီမစ်ထုတ်ဖောက်ထည့်ထားသော မတ်ခွက်ကိုကိုင်ကာ ရေနွေးပေးစက်ဆီသို့ လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com

လိုက်၏။ ကော်ဖီခွက်ကို ပိုက်ခေါင်းအောက်တွင်ထိုးခံရင်း ခလုတ်ကို အသာအယာဖိလိုက်သောအခါ ရေနွေး အဖြူထည်တွေ ဝေါခနဲဆင်း လာသည်။

အဲဒါကိုကြည့်ရင်း ရုတ်တရက် ကျွန်တော် ဘာဖြစ်သွားသည်ကို မသိတော့။

ကျွန်တော့်လက်ထဲမှ ကော်ဖီခွက်လွတ်ကျသွားသည်။ ဒါကို ကျွန်တော်သိသည်။ ကျွန်တော် လုံးဝ အသက်ရှူ၍ မရတော့။ ဒါကို လည်း ကျွန်တော်သိသည်။ (ထူးဆန်းသည်က ရင်ဘတ်မှဆောင့်သော ဝေဒနာကို ကျွန်တော်မခံစားရ)

ကျွန်တော့်ပတ်ပတ်လည်မှ မြင်ကွင်းအားလုံး ဝေဝါးမှုန်မှိုင်းသွား သည်။

အဲသည်နောက် ဆေးရုံကြမ်းပြင်ပေါ်သို့ ကျွန်တော် ပုံလျက်သား လဲကျသွားလေသည်။

အရာအားလုံးသည် အေးအေးဆေးဆေးပင်ဖြစ်၏။

●





(၂)

ကျွန်တော်သတိရ၍ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ နှလုံး အထူးကြပ်မတ်ကုသဆောင်၏ ခုတင်တစ်လုံးပေါ် ရောက်နေကြောင်း သိရသည်။ အကျီင်္ကင်းမဲ့နေသော ကျွန်တော့်ခန္ဓာကိုယ်၏ ဝဲဘက်ရင်အုံ ပေါ်တွင် ဝါယာကြိုးတွေ ရှုပ်ယှက်ခတ်နေ၏။

ခုတင်ဘေးရှိ နှလုံးစောင့်ကြည့်အကဲခတ်စက် (Monitor) ပေါ် တွင် စိမ်းလဲ့နေသော နှလုံးအခြေအနေပြ ဂရပ်(ဖ်)မျဉ်းတွန့်ကလေးများ ဖြည်းဖြည်းချင်းရွေ့လျားနေကြ၏။

နှလုံးအထူးကုဆရာဝန်ကြီးက ကျွန်တော့်ကို ငုံ့ကြည့်နေရာမှ ဖြည်း လေးစွာ သက်ပြင်းချ၏။

ကျွန်တော် သိလိုက်ပြီ။

ကျွန်တော်၏နှလုံးအိမ်သည် ကျွန်တော့်ကို ပြန်လည်သတ်ဖြတ်ရန် အစပျိုးနေပြီချေတည်း။

●


www.burmeseclassic.com

www.burmeseclassic.com

## ငါး

ဆောက်တည်ရာမဲ့သောစိတ်ဖြင့် ကျွန်တော်နေသည်။ ဆောက်တည်ရာမဲ့သောစိတ်ဖြင့်ပင် ကျွန်တော် ယောက်ယက်ခတ် ပြေးလွှားသည်။ ဆောက်တည်ရာမဲ့သောစိတ်ဖြင့်ပင် ကျွန်တော် ဝုန်းဝုန်းလဲကျတော့မတတ် ပင်ပန်းလာသည်။

ဘာလဲ။ ဘဝဆိုတာ ဘာလဲ။ သင်တို့သိလျှင် ဖြေကြားပေးကြပါ။ ကျွန်တော့်မှာ အိပ်မပျော်သောညတွေ များလှပါပြီ။

ဘဝကို အဖြေရှာမရသောစိတ်ဖြင့်ပင် ပူလောင်သော အဝါရောင် စိုထိုင်းထိုင်း ညတစ်ည၌ ကျွန်တော်ဖျတ်ခနဲ အိပ်မောကျသွားခဲ့၏။ မျှော်လင့်မထားပါဘဲလျက် အိပ်မက်ထဲတွင် အလင်းရောင်တန်းတစ်ခု ဘွားခနဲပေါ်လာသည်။

ထိုအလင်းရောင်တန်းက ကျွန်တော့်ကို မေးခွန်းတစ်ခုမေးသည်။

“မင်း. . . သေရမှာကို တော်တော်ကြောက်နေသလား”





“မကြောက်ပါဘူး”

ဟု ကျွန်တော်က ခပ်တည်တည် ပြန်ဖြေလိုက်၏။

ထိုအလင်းရောင်က . . .

“ဒါဖြင့် မင်း ဘာကိုကြောက်နေတာလဲ”

“သေပြီးရင် နောက်ဘဝမှာ ခွေးဖြစ်မှာကိုကြောက်တယ်”

ကျွန်တော့်အဖြေကြောင့် အလင်းရောင်ဘက်ဆီမှ အသံတိတ်ဆိတ်သွား၏။ အတန်ကြာမှ . . .

“အေး. . . ကြောက်နေရင်တော့ ဖြစ်မှာပဲ။ မကြောက်ရင် မဖြစ်ဘူး”

ဟု တစ်ခွန်းတည်းပြောပြီး အလင်းရောင်တန်းက ဖြုန်းခနဲ ပြန်ကွယ်ပျောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ခြောက်

ကျွန်တော် အိပ်ရာမှ ပြန်နိုးလာသောအခါ အရာရာတိုင်းသည် အေးချမ်းတိတ်ဆိတ် ငြိမ်သက်နေ၏။ ကမ္ဘာလောကကြီးတစ်ခုလုံးသည် အပြာရောင်လဲ့လဲ့သန်းကာ ကြည်လင်တောက်ပနေလေသည်။

အကြောက်တရားကင်းစင်သော လရောင်၏ဂီတသံသည် ချိုလွင်နေ၏။

●





(၁)

နောက်ဘဝတွင် ခွေးဖြစ်ရမှာကြောက်နေသူသည် ယခုဘဝ၏ "လူ" အဖြစ်ကို တပ်မက်နေခြင်းကြောင့် ဖြစ်၏။

●



www.burmeseclassic.com

www.burmeseclassic.com



(၂)

ထိုတပ်မက်မှုသည် "တဏှာ" ဖြစ်၏။

●



(၃)

တဏှာ ရှိနေသေးသရွေ့တော့ သံသရာမှာလူဖြစ်ရ၊ ခွေးဖြစ်ရနှင့် ကျင်လည်နေရဦးမည်။ ထို့ကြောင့် ခွေးဖြစ်ရမှာ ကြောက်နေလျှင်တော့ ခွေးဖြစ်ရဦးမည်။

ခွေးဖြစ်ရမှာ မကြောက်လျှင် ခွေး မဖြစ်တော့။

●



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်

(၁)

ဘဝမှာ ရှုံးနိမ့်ရမှာကိုကြောက်သူသည် အကြိမ်ကြိမ် ရှုံးနိမ့်ရ၏။

●

ကြောင်နှစ်ကောင်စာပေ

(၂)

ကျွန်တော်ရင်ထဲတွင် ရှုံးရမည်ကို မကြောက်သောစိတ်ဖြင့် အတ္တကို လွှတ်ချလိုက်သောအခါ လောကကြီးတစ်ခုလုံးသည် ကျွန်တော်နှင့် တစ်သားတည်းဖြစ်သွား၏။

အရှုံးဆိုသည်မှာလည်း တကယ်မရှိ။ အနိုင်ဆိုသည်မှာလည်း တကယ်မရှိ။ အရာရာသည် သုညသာဖြစ်၏။ ထိုခံစားချက်ဖြင့်ပင် ကျွန်တော် တယ်လီဖုန်းကို ကောက်ကိုင်ပြီး သူမ၏ ဖုန်းနံပါတ်ခလုတ်များကို နှိပ်လိုက်သည်။

"ဟဲလို"

သူမ၏ လိမ္မော်ရောင်တုံ့ပြန်သံကို ကြားရသောအခါ ကျွန်တော် တစ်သက်လုံး (ရှုံးရမည်ကိုကြောက်၍) မပြောရဲခဲ့သော စကားတစ်ခွန်းကို ပြောချလိုက်၏။

"ကိုယ်. . . မင်းကိုချစ်တယ်"

●

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

(၃)

မနက်ဖြန်ဆိုလျှင် . . .

သူမထံမှ သစ်ပင်လေးတစ်ပင် ရောက်လာပေလိမ့်မည်။ တစ်ရာသီခံ ပင်လား၊ နှစ်ရာသီခံ ပင်လား၊ အမြဲစိမ်းသစ်ပင်လား။

ဒါကိုတော့ စောင့်ကြည့်ရဦးမည်။

■





ကလေးဘဝ ပျောက်ဆုံးခြင်း



www.burmeseclassic.com

www.burmeseclassic.com



(၁)

အကယ်၍ ဖြစ်နိုင်မည်ဆိုပါလျှင် အမေ့ဗိုက်ထဲပြန်ဝင်ပြီး ကွေးကွေးကလေးသာ အိပ်နေချင်ပါသည်။

●

"ဘဝဆိုတာ ဘာမှမဟုတ်ပါဘူးကွာ. . ."

ဟူသော စကားကို လူရှေ့သူရှေ့တွင် ပြောရသည်မှာ အတော်ပင် ပါးစပ်အကြောတက် ပြေပါသည်။ အထူးသဖြင့် ကိုယ်က အောင်မြင်နေသည့် အချိန်မျိုးမှာ အရသာခံပြီး ပြောဖို့ အကောင်းဆုံးဖြစ်၏။

လောလောဆယ်တော့ ကျွန်တော်က ဘာကောင်မှမဟုတ်သေးပါ။ ထို့ကြောင့် ဘာမှ မဟုတ်သောဘဝကို "ဘာမှ မဟုတ်ပါဘူးကွာ. . ." ဟု ပြောဖို့ရန် ဘာမှမဟုတ်သောကိစ္စများကို အတော် ကြိုးကြိုးစားစား လုပ်ရဦးမည်ဖြစ်ပါသည်။

●

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

သင်တို့ အခေါ်အဝေါ်အားဖြင့်ဆိုလျှင် ကျွန်တော်သည် ကိုယ်ရည်ကိုယ်သွေး (Personality) ကောင်းသူတစ်ယောက် မဟုတ်ပါ။ ပါဆွန်နယ်လတီ ဆိုသည်မှာ လက်တင်စကား ပါဆွန်နာ (Persona) မှ ဆင်းသက်လာခြင်းဖြစ်ပြီး "မျက်နှာဖုံး" ဟု အဓိပ္ပာယ်ရပါသည်။

သင်ကော. . . သင့်ကိုယ်သင် ကိုယ်ရည်ကိုယ်သွေးကောင်းသူတစ်ယောက်ဟု ထင်ပါသလား။

မျက်နှာဖုံးအပိုရှိလျှင် တစ်ခုလောက် ရောင်းစေချင်ပါသည်။

●





(၂)

အကယ်၍ ဖြစ်နိုင်မည်ဆိုပါလျှင် အမေ့ဗိုက်ထဲပြန်ဝင်ပြီး ကွေးကွေးလေးသာ အိပ်နေချင်ပါသည်။ မောလှပြီ။

●

မနက် ၆ နာရီ . . .

ကျီးသာနေသည်။

ဧည့်သည်လာမည်ဟု မည်သူပြောသနည်း။

ထို "ပြောသူ" သာ မလာရန် လိုပါသည်။ အဲသည်လို "ပြောသူ" များကို ဧည့်ခံရသည်မှာ မောလှပြီ။

●



www.burmeseclassic.com

www.burmeseclassic.com

"ဒီကိစ္စကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဖို့လိုအပ်တယ်"

ဟု မကြာခဏ ပြောလေ့ရှိသော မိတ်ဆွေတစ်ယောက်ကို "မုန့်လေပွေ" တွေမြင်တိုင်း ကျွန်တော် သတိရနေမိသည်။ (သို့ရာတွင် သူပြောသည့် "ကျယ်ကျယ်ပြန့်ပြန့်" ဆိုသည်မှာ "မုန့်လေပွေ" ကို ရည်ညွှန်းခြင်းတော့ ဟုတ်မည်မထင်ပါ။ ကျွန်တော့်ဘာသာ အတွေးခေါင်နေခြင်းသာ ဖြစ်ပါလိမ့်မည်)

တစ်ခါက လူလိမ်ခံရသောကြောင့် ကျွန်တော့်တွင် ခြေဖဝါးစာ၊ လက်ဖဝါးစာသာ ကျန်တော့သော အခြေအနေသို့ ရောက်သွားခဲ့ချိန်မှာ ထိုမိတ်ဆွေက . . .

"ပစ္စည်းဥစ္စာဆိုတာ မမြဲတဲ့သဘောတွေပါကွာ၊ ဝမ်းနည်းမနေပါနဲ့၊ အားလုံးဟာ အနိစ္စသဘော ဆောင်နေတာတွေချည်းပါပဲ။ မင်းဘေးမှာ မိတ်ဆွေတွေ ရှိနေသေးမှတော့ ဘာ အားငယ်စရာလိုလို့လဲ"

နောက်. . . သိပ်မကြာခင်မှာပင် ကျွန်တော့်မှာ နောက်ဆုံး ကျန်နေသေးသမျှ လက်ဖဝါးစာခြေဖဝါးစာ ပိုက်ဆံကလေးကိုပင် တက်တက်ပြောင်သွားအောင် ထိုအားပေးသူမိတ်ဆွေက ထပ်လိမ်သွားတော့သည်။

ထိုသူ၏ မိတ်ဆွေစိတ်ဓာတ်မှာလည်း မမြဲသည့် အနိစ္စ သဘောဆောင်ကြောင်း ကျွန်တော် နားလည်ပေးလိုက်ရပါသည်။ ဘယ်အရာမှ မမြဲမည့်အတူတူတော့ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် လိမ်ကြလျှင် မကောင်းပေဘူးလား။

သည်ကိစ္စကို ကျယ်ကျယ်ပြန့်ပြန့် ဆက်ဆွေးနွေးဖို့ လိုအပ်ပါလိမ့်ဦးမည်။

●

ကြောင်နှစ်ကောင်စာပေ



(၃)

အကယ်၍ ဖြစ်နိုင်လျှင်ဆိုပါလျှင် အမေ့ဗိုက်ထဲပြန်ဝင်ပြီး ကွေးကွေးကလေးသာ အိပ်နေချင်ပါသည်။ နောက်. . . အကယ်၍ ဖြစ်နိုင်မည်ဆိုပါလျှင် တီဗီကြော်ငြာများတွင် မကြာခဏပါလေ့ရှိသော မေးစေ့ကောက်ကောက်နှင့် ကောင်မလေး၏မျက်နှာကို လက်ကိုင်ရိုးတပ်ကာ ဂေါ်ပြားလုပ်ချင်ပါသည်။

"ဘာကြောင့်လဲ. . ."

ဟု မေးလျှင် ကျွန်တော် ရှင်းပြလိမ့်မည်မဟုတ်ပါ။ ကျွန်တော်က ရှင်းပြရမည်ကို ပျင်းရိတတ်သူတစ်ယောက်ဖြစ်၏။

ဘဝမှာ လူဖြစ်လာရကတည်းက (ကိစ္စတိုင်းကို) လူတိုင်းကို ရှင်းရှင်းပြနေရသည်မှာ ငြီးငွေ့စရာ ကောင်းလွန်းလှပါပြီ။

●

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဘေးမှ ဖြတ်သွားသူများက ကျွန်တော့်ကို . . .

"ဘာဖြစ်လို့ ကောင်းကင်ကို မော့ကြည့်နေရတာလဲ" ဟု မေး၏။

အမှန်က ကျွန်တော် ကောင်းကင်ကို မော့ကြည့်နေခြင်းမဟုတ်ပါ။ ပက်လက်လှန်အိပ်နေခြင်းသာ ဖြစ်၏။

သည်ကိစ္စကို ဘယ်လိုရှင်းပြရမည်လဲ။

မေးလာသူများကို ကျွန်တော် ချောင်းဆိုးပြလိုက်သည်။ (ရှင်းမပြချင်သောကြောင့်)

●





(၄)

အကယ်၍ ဖြစ်နိုင်မည်ဆိုပါလျှင် အမေ့ဗိုက်ထဲပြန်ဝင်ပြီး ကွေးကွေးကလေးသာ အိပ်နေလိုက်ချင်သည်။ အားလုံးကို ကြောက်လှပါပြီ။

သမားရိုးကျ စိတ်ပညာသီဝရီက "ကြောက်စိတ်" နှင့်ပတ်သက်၍ . . .

၁။ လူသည် ကျားကိုတွေ့သည်။

၂။ ကြောက်သည်။

၃။ ထွက်ပြေးသည်။

ဟု ဖွင့်ဆိုပြီး . . . ထိုသီဝရီနှင့် ဆန့်ကျင်ဘက် ဂျိမ်း(စ်)လန်း (James-Lang) သီဝရီက . . .

၁။ လူသည် ကျားကိုတွေ့သည်။

၂။ ထွက်ပြေးရန် ကြံစည်သည်။

၃။ ကြောက်သည်။


www.burmeseclassic.com

www.burmeseclassic.com

ဟု ဆို၏။ ဘယ်သီဝရီက မှန်သည်ဟု ထင်ပါသလဲ။

ကြောက်သောကြောင့် ထွက်ပြေးသလား။ ထွက်ပြေးရန် စိတ်ကူးသောကြောင့် ကြောက်သလား. . . သေချာကွဲပြားမသိသည့်တိုင် ကျွန်တော်တို့၏ စိတ်တွင် . . .

"ကျားဆိုသည်မှာ ကြောက်စရာသတ္တဝါဖြစ်သည်"

ဟူသော အသိက ကနဦးကပင်ရှိနှင့်ပြီးသား ဖြစ်နေသည်မှာကတော့ သေချာလှပါသည်။

●

ကျွန်တော်ကတော့ ကလေးတစ်ယောက်သာ ပြန်ဖြစ်ချင်နေပါတော့သည်။ မွေးကတည်းက တစ်ခါမှ ကျားကို မမြင်ဘူးသော. . . ကျားဆိုသည်မှာ ကြောက်စရာကောင်းသော သတ္တဝါတစ်ကောင် ဖြစ်မှန်းမသိသေးသော နှစ်နှစ်သား သုံးနှစ်သား ကလေးတစ်ယောက်သာ ကျားနှင့် ရင်ဆိုင်တွေ့ရမည်ဆိုပါစို့။ အထက်ပါ သီဝရီ နှစ်ခုစလုံး မှားယွင်းသွားလိမ့်မည် ထင်ပါသည်။

တကယ်တော့ ကျွန်တော်တို့သည် "အကြောက်တရား" ကိုသာ ကြောက်ရွံ့နေကြခြင်းဖြစ်ပါသည်။

●





(၅)

အကယ်၍ ဖြစ်နိုင်မည်ဆိုပါလျှင် အမေ့ဗိုက်ထဲပြန်ဝင်ပြီး ကွေးကွေးကလေးသာ အိပ်နေချင်ပါသည်။ ကျွန်တော် လူဖြစ်နေရသည်မှာ အားနည်းလှပါပြီ။

●

ပိုက်ဆံရှာနေသူ (သူ့ကိုယ်သူတော့ စီးပွားရေးသမားဟု အောက်မေ့နေသည့်) သူငယ်ချင်းတစ်ယောက်က ပြောဖူးသည်။

"ကိုယ်လိုချင်တာ ရဖို့ဆိုရင် သူတစ်ပါးရဲ့ ပျော့ကွက်ကို နင်းတတ်ရတယ်. . . ကွ"

ကျွန်တော်တွေ့ရသလောက်ကတော့ ထိုသူငယ်ချင်း လမ်းလျှောက်လျှင် မကြာခဏဆိုသလို ခွေးချေးပုံများကို နင်းမိလေ့ရှိခြင်းပင်ဖြစ်၏။ (ခွေးချေးပုံကလည်း "ခပ်ပျော့ပျော့" ပဲ မဟုတ်လား. . .


www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်တော့်ဘာသာတွေး၍ ထိုသူငယ်ချင်းကို နားလည်ပေးလိုက်ပါသည်)

ပြောရမည်ဆိုလျှင် လူတိုင်းလူတိုင်းတွင် အားနည်းချက်၊ ပျော့ကွက် တစ်ခုမဟုတ်တစ်ခုတော့ ရှိကြသည်ချည်းပင်ဖြစ်၏။

ကိုယ်လိုချင်တာရဖို့ သူတစ်ပါး၏ ထိုပျော့ကွက်ကို နင်းသင့်ပါသလား။

သင်၏စိတ် အထူအပါးပေါ်သာ မူတည်ပါသည်။

ဗီးနပ်စ်ရုပ်တုကို အလေးမ ပြိုင်ဖို့ သင် စိန်ခေါ်နိုင်ပါသည်။

လက်ရုံးပေါင်းတစ်ထောင်ရှိသော မာရ်နတ်မင်းနှင့် လက်သည်းညှပ်ပုံချင်း အမြန် ပြိုင်ဖို့ စိန်ခေါ်နိုင်သည်။

ခြေထောက် မရှိသော နန္ဒောပနန္ဒ နဂါးမင်းနှင့် တစ်ယောက်ချင်းဘောလုံးကန်ဖို့ ချိန်းဆိုနိုင်ပါသေးသည်။

ဟိုး. . . ရှေ့လယ်ကွင်းထဲမှာ ရွှံ့မြေပျော့ပျော့ကို နင်းနေကြသည့်နွားများကို မြင်ရ၏။

●





(၆)

အကယ်၍ ဖြစ်နိုင်မည်ဆိုလျှင် အမေ့ဗိုက်ထဲ ပြန်ဝင်ပြီး ကွေးကွေးကလေးသာ အိပ်နေချင်ပါသည်။

●

ငယ်ငယ်တုန်းက တိရစ္ဆာန်ရုံထဲတွင် မြင်းကျားများကို မြင်ရသည့်အခါ ကျွန်တော်က အမေ့ကို . . .

"မေမေ. . . အဲဒါ အဖြူစင်းတွေပါတဲ့ မြင်းအနက်တွေလား၊ အနက်စင်းတွေပါတဲ့ မြင်းအဖြူတွေလား"

ဟု မေးကြည့်ခဲ့ဖူး၏။ မေမေက . . .

"ကလေးကလား စိတ်ကူးတွေဟယ်. . . ပေါက်ပေါက်ရှာရှာ"

ထိုသို့ (အဖြူအနက်) မြင်မှုကို အက်ဂါ-ဂျေ-ရှုဘင် (Edgar.J.


www.burmeseclassic.com

www.burmeseclassic.com


Rubin) အာရုံသိမှု ဟု ခေါ်၏။

ယခု . . . ကျွန်တော့်အနီးတွင် မေမေသာရှိမည်ဆိုပါက . . .

"လူကြီးဘဝဆိုတာ အမှန်တရားတွေပါတဲ့ မှားယွင်းမှုတစ်ခုလား၊ အမှားအယွင်းတွေပါတဲ့ အမှန်တရား တစ်ခုလား"

ဟု ထပ်မေးကြည့်ချင်ပါသေးသည်။

ကျွန်တော်သည် ကလေးလည်းမဟုတ်၊ ကုလားလည်း မဟုတ်သောကြောင့် ကျွန်တော့်ကို ကလေးကလားဆန်သည်ဟု မပြောကြစေလိုပါ။

အကယ်စင်စစ် . . .

ကျွန်တော်၏ ကလေးဘဝကား ကြာမြင့်စွာကပင် ပျောက်ဆုံးခဲ့နှင့်ပြီဖြစ်ပါသည်။

■

# တေလေ




www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်တော်သည် ဘဝ၏ အချိန်အတော်များများကို အိမ်သာတက်ခြင်းဖြင့် ကုန်လွန်စေခဲ့သူ ဖြစ်ပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com

(၂)

အလက်ဇန္ဒား သည် ဂရိတ် (Alexander The Great) သည် ငယ်ငယ်တုန်းက. . . ကမ္ဘာကြီးကို သိမ်းပိုက်ဖို့ကြံစည်ပြီး အရှေ့တိုတယ် ထံတွင် တပည့်ခံခဲ့သည်။ ကျွန်တော်ကတော့ ငယ်ငယ်တုန်းက နှစ်ခါ တိတိ ခွေးကိုက်ခံရဖူးသည်။

"လူမလေး. . . ခွေးမခန့်" ဟူသည့် စကားကို သင် ကြားဖူးသည် မဟုတ်လား။ ကျွန်တော့်ကို လူတွေက လေး မလေး မသိရသော်လည်း ငယ်ငယ်ကတည်းက ခွေးတွေက မခန့်ခဲ့သည်မှာ သေချာပါသည်။

●





(၃)

လပြည့်ညများတွင် ပိုးစုန်းကြူးတွေပိုပြီး များများစားစား ပျံသန်း မြူးတူးတတ်ကြသည်ဟု ကျွန်တော် ကလေးဘဝတုန်းက အောက်မေ့ခဲ့ သော်လည်း ယခုအခါတွင် ထိုထင်မြင်ချက်သည် သိပ် မသေချာလှတော့ ပါ။

(စင်စစ် လူ့ဘဝတွင် ဘယ်အရာမှ သေချာဖို့ အရေးမကြီးလှ ကြောင်း သိသွားပြီးသည့်နောက်တွင် ထင်မြင်ချက်များကို သေချာ အောင် အဖြေတိုက်ကြည့်ဖို့ ကျွန်တော် ဖျင်းရိသွားခဲ့သည်မှာ ကြာပါပြီ)

●



www.burmeseclassic.com

www.burmeseclassic.com



(၄)

"စောသည်၊ နောက်ကျသည်၊ ဝိုက်ဆာသည်၊ ပြည့်အင့်သည်၊ ချမ်းသည်၊ ပူအိုက်သည်" ဟူသော ပျင်းရိခြင်းအကြောင်း (၆)ပါးရှိသည့် အကြောင်း နီတိတစ်ခုထဲတွင် ဖတ်ရသည့်အခါ ကျွန်တော်က ထိုနီတိ ဖတ်ရသည်ကိုပါ ပျင်းသွားပါတော့သည်။

(ကျွန်တော့်အထင်ပြောရလျှင် အသက်ရှင်ဖို့ကိုပါ ပျင်းရိစရာကောင်းနေသော ဒီလောကထံတွင် ပျင်းရိခြင်းအကြောင်း (၆)သန်းခန့်ရှိလိမ့်မည်ဖြစ်ပြီး ထိုအထဲတွင် နီတိများပါ ပါဝင်ပါလိမ့်မည်။ ကျွန်တော့်အထင်မှားလျှင် နီတိဆရာများက ကျွန်တော့်ကိုခွင့်လွှတ်ကြစေချင်ပါသည်)

မှတ်ချက် ။ ။ ထုံးစံရှိခြင်းကြောင့် တောင်းပန်ရခြင်းသာဖြစ်ပြီး တကယ်ခွင့်မလွှတ်လျှင်လည်း ကျွန်တော်က ဂရုစိုက်လိမ့်မည်မဟုတ်ပါ။

တောင်းပန်ခြင်း၊ ခွင့်လွှတ်ခြင်း၊ ဂရုစိုက်ခြင်း၊ ဂရု မစိုက်ခြင်း စသော ကိစ္စများကိုလည်း ကျွန်တော် ပျင်းနေသည်မှာ ကြာပါပြီ။

●



(၅)

"ကျွန်တော် ဘာလုပ်ဖို့ လူတစ်ယောက်အဖြစ် မွေးပေးခဲ့ရတာလဲ" ဟု ကျွန်တော် အမေ့ကို မေးကြည့်ခဲ့ဖူးပါသည်။

"လူကောင်းတစ်ယောက်အဖြစ်နဲ့ လောကကြီးထဲမှာ ရပ်တည်ဖို့" ဟု အမေက ဖြေ၏။

ဝမ်းနည်းစရာ ကောင်းနေသောအချက်မှာကျွန်တော်သည် "အကောင်း" ဟူသည့်အဓိပ္ပာယ်ကို နားမလည်ခြင်းပင်ဖြစ်သည်။

တကယ်ဆိုလျှင် "အကောင်းဆိုတာ. . . ဘာ" ဟု စကြဝဠာတံတိုင်းမှာ ရေးထိုးထားဖို့ ကောင်းပါသည်။ (အနည်းဆုံးတော့. . .) လွဲချော်မှားယွင်းသွားလျှင်တောင်မှ ရယ်စရာတော့ "ကောင်း" နေလိမ့်ဦးမည်ဖြစ်၏။ ကောင်းပါသည်။

ကောင်းသည်ဟုထင်စရာကောင်းရုံကလေးသာ ကောင်းလေ့ကောင်းသော ပေါ်သည့် စကြဝဠာမှာငါနေထိုင်သည်။ တကယ်



www.burmeseclassic.com

www.burmeseclassic.com

တမ်း ကောင်းရာကောင်းကြောင်း ပြောကြမည်ဆိုလျှင် စိန်နဲ့မြမေ့ ရာသည်လည်း အကောင်းဆုံးဖြစ်နိုင်သည်။ ကမ္ဘာစိုးအားကစားဘောင်းဘီလည်း ဖြစ်နိုင်သည်။ ဂျူဗီအချိုရည်လည်း ဖြစ်နိုင်သည်။ နဂါးညီနောင်ယိုစုံဖြစ်နိုင်သည်။ ဝိန့်စိန် ဖြစ်နိုင်သည်။ လူတိုင်းအကြိုက် တိုကျိုပိုက်ဖြစ်နိုင်သည်။ သမဝါယမဘဏ် ဖြစ်နိုင်သည်။ အားလုံးကတော့ သူတို့ကိုယ်သူတို့ အကောင်းဆုံးဟု ပြောကြသည်ချည်းပင် ဖြစ်၏။

"ငါတို့က အကောင်းပြောတာ. . ." ဟု အကြံပေးသူများ "ကောင်းစေချင်လို့ ပြောနေတာ. . ." ဟု ဆုံးမလာသူများကို နဂါးညီနောင်ယိုစုံကျွေးကာ ဂျူဗီအချိုရည်တိုက်ပြီး ကမ္ဘာစိုးဘောင်းဘီတစ်ထည်စီ ဝတ်ခိုင်း၍ သမဝါယမဘဏ်ရှေ့တွင် တိုကျိုပိုက်လုံးခေါင်းထဲဝင်နေခိုင်းလိုက်ပါ။ အားလုံး ကောင်းသွားပါလိမ့်မည်။

"ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်ရမယ်"

ဟု အောက်မေ့နေသူသည် ကမ္ဘာ့အကောင်းဆုံး ငတုံးကြီးပင်ဖြစ်သည်။

●





(၆)

အကောင်း. . . ဟု ဆိုသည်ဖြစ်စေ၊ အဆိုး. . . ဟုဆိုသည်ဖြစ်စေ စကားလုံးများသည် စကားလုံးများသက်သက် အဆင့်မှာသာရှိလျှင် ဘာမှဂရုစိုက်ရန် လိုအပ်လိမ့်မည် မဟုတ်ပါ။ သို့ရာတွင် ကျွန်တော်တို့ တကယ်တမ်း ရင်ခုန်ကြ၊ ကြည်နူးကြ၊ ဒေါသဖြစ်ကြ၊ တုန်လှုပ်ကြရသည်မှာ ထိုစကားများ၏ နောက်ကွယ်တွင်ရှိသော အနက်အဓိပ္ပာယ်များအတွက်သာ ဖြစ်ပါသည်။

၂၁ ရာစုတွင် စကားလုံးများ၏ နောက်ကွယ်မှ အနက်အဓိပ္ပာယ်ဟောင်းတို့ ကုန်ဆုံးသွားလိမ့်မည်ဖြစ်သည့်အကြောင်း သင်တို့ကိုရှင်းပြရန် စကားလုံးဟောင်းများကိုပင် ခပ်တည်တည်ဖြင့် မန်းမှုတ်သုံးစွဲရပါဦးမည်။

"အဓိပ္ပာယ်တစ်ခု" ဆိုသည်မှာ "အဖြစ်အပျက်တစ်ခု" ပင်ဖြစ်သည်ဟူသော အတွေးအခေါ်သီဝရီတစ်ရပ်ကို သင်ဖတ်ဖူးပါသလား။



www.burmeseclassic.com

www.burmeseclassic.com


၂၀ ရာစုနှောင်းပိုင်း၏ အကျော်ကြားဆုံး အတွေးအခေါ်ပညာရှင် (Jacque Lacan) ကတော့ လူသည် မွေးကတည်းက စကားလုံးများနှင့် အဓိပ္ပာယ်များ၏ အကန့်အသတ်ထဲသို့ ပစ်ချခံလိုက်ရသည်ဟု ပြောခဲ့သည်။

ကျွန်တော်တို့၏ လူ့အသိဉာဏ်သည် စကားလုံးများ၊ အဓိပ္ပာယ်ဟောင်းများကို ကျော်လွန်ကာ တစ်စုံတစ်ရာကို လှမ်းသိနိုင်စွမ်းမရှိကြတော့ပြီလား။

အရာရာကို အရှုံးပေးလိုက်တော့မယ် . . . ဟု ပြောကာ ဘဝကို အရက်ခွက်ထဲမှာ နှစ်မြုပ်ပစ်လိုက်သူတစ်ဦး၏ လက်ခုံပေါ်တွင် "သတ္တိ" ဟူသော စကားလုံး ဆေးမင်ကြောင် ထိုးထားသည်ကိုမြင်ရသောအခါ ကျွန်တော် အနည်းငယ် စိတ်ပျက်စွာရယ်မောမိပါသည်။

အရေပြားပေါ်က စကားလုံးတစ်လုံးသည် ထိုအရေပြားကို ဝတ်ဆင်ထားသည့် သတ္တဝါနှင့်တောင်မှ ထပ်တူမကျခဲ့ပါ။

လျှာပေါ်က စကားလုံးတွေနှင့် ဆိုလျှင်ကော . . .

●

မလိုပါ။ စကားလုံးတွေမလိုပါ။ အကောင်းနှင့်အဆိုးတို့၏ အဓိပ္ပာယ်အဟောင်းအသစ်များ မလိုပါ။ ကြက်သွန်ဖြူစော်နံနေသော ပါးစပ်များမှထွက်လာသည့် ကိုယ်ချင်းစာတရားများလည်း မလိုပါ။ ဝက်ခြံပျောက်ဆေးကြော်ငြာနှင့် ခပ်ဆင်ဆင်တူသော ယုံကြည်စိတ်ချစရာ သိပ်မကောင်းသည့် အာမခံချက် စာရွက်စာတမ်းများလည်း မလိုပါ။ ခပ်ကြောင်ကြောင် သူရဲကောင်းစိတ်ထားနှင့် ခဏတစ်ဖြုတ် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နိုင်ရန် ပေးသနားထားသည့် အနာအဖျားများလည်း မလိုပါ။

●



www.burmeseclassic.com

www.burmeseclassic.com

(၇)

သည်နေရာတွင် ကျွန်တော် ဘာကြောင့် ချစ်သူနှင့်ကွဲခဲ့ရသလဲ။ ဆိုသည်ကို ပြောပြရန် လိုအပ်သည်ဟုထင်ပါသည်။ ကျွန်တော့်ချစ်သူ၏ အမည်မှာ မခင်ဖွေးဖြစ်၏။

ကျွန်တော်သည် စကားလုံးများနှင့် အဓိပ္ပာယ်များ၏ အကန့်အသတ်ထဲသို့ ပစ်ချခံလိုက်ရသည့်အချိန်တွင် ခင်ဖွေး ဆိုသောအမည်သည် ခွေးဖင် ဟု ခေါ်ဝေါ်သလိုမျိုး မအီမလည်ကြီး ခံစားလိုက်ရပါသည်။

သည်လောက်ဆိုးရွားလှသော နာမည်ပိုင်ရှင် မိန်းမတစ်ယောက်ကို ကျွန်တော်က စတင် လမ်းခွဲခဲ့ခြင်းအတွက် သင်တို့အနေဖြင့် အပြစ်မတင်စေလိုပါ။

(သင့်ကို တစ်စုံတစ်ယောက်က မင်း ခင်ဖွေး နဲ့ ညားနေတယ် မဟုတ်လားဟု လာပြောလျှင် သင် ဘယ်လိုခံစားရမည်နည်း)





သည်ကိစ္စနှင့်ပတ်သက်၍ (Jacque Lacan) လည်း ဘာမှတတ်နိုင်လိမ့်မည်မဟုတ်တာ သေချာပါသည်။

●


www.burmeseclassic.com

www.burmeseclassic.com

(၈)

ကျွန်တော့်မိတ်ဆွေတစ်ယောက်က စိန်ခေါ်သောကြောင့် ကျွန်တော်နှင့်သူ လွန်ဆွဲပြိုင်ကြသည်။

ကျွန်တော်က အသက်ရှူ အောင့်ထားပြီး ရှိရှိသမျှ အားကုန်သုံးကာ နောက်သို့ ခြေစုန်ကန်၍ ရုန်းလိုက်၏။ ကြိုးက ကျွန်တော့်ဘက်ကို ပါလာသည်။ ကျွန်တော်က နောက်ဆုတ်နောက်ဆုတ်ဖြင့် ဆွဲသွားလေလေ. . . ကြိုးက ကျွန်တော့်ဘက် ပါလာလေလေဖြစ်သည်။

တစ်ဘက်မှ ကျွန်တော့်မိတ်ဆွေအား အလယ်စည်းကို ကျော်လာသည်အထိ ဆွဲပြီးမှ ကျွန်တော်ရပ်လိုက်သည်။ ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် ဒီပွဲမှာ နိုင်လိုက်သည်ဟု ထင်နေမိ၏။ သို့သော် ကျွန်တော့်မိတ်ဆွေက . . .

"မင်းရှုံးပြီ"

ဟု ကျွန်တော့်ကိုပြောသည်။ ကျွန်တော် အံ့အားသင့်သွားသည်။





"ဘာဖြစ်လို့လဲ"

ဟု ပြန်မေးလိုက်သည်။ သူက . . .

"မင်းက နောက်ဆုတ်သွားတယ်လေ၊ ငါက ရှေ့တိုးလာတယ်၊ ဒီတော့ ငါနိုင်တာပေါ့"

ကျွန်တော် စဉ်းစားနေမိသည်။ ဘဝမှာ သေလုမြောပါး ခွန်အားစိုက်ထုတ် ကြိုးစားရင်းက နောက်ဘက် ရောက်သွားရသူများအကြောင်းနှင့် အလိုက်သင့် ပေါ့ပေါ့နေပေါ့ပေါ့စားရင်း ရှေ့ တိုးလာသူများအကြောင်း သင်လည်း စဉ်းစားကြည့်ဖို့ကောင်းသည်။ လောကသည် အနည်းငယ် ရယ်စရာကောင်းသော လွန်ဆွဲပွဲတစ်ပွဲ ဖြစ်ချင်ဖြစ်နေနိုင်ပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com



(၉)

သူ့ရဲကောင်းဆိုသော သတ္တဝါမရှိ။

●





(၁၀)

ငယ်ငယ်တုန်းက ခွေးနှစ်ခါအကိုက်ခံရဖူးသောကြောင့် ကျွန်တော်သည် နောက်ထပ် ခွေးကိုက်ခံရမည်ကို အလွန်ကြောက်သည်။ သည့်နောက်တွင် ကျွန်တော်သည် ကမ္ဘာကျော်သွားစေနိုင်လောက်သည့် ဥပဒေသတစ်ခုကို ရှာဖွေတွေ့ရှိလာပါတော့သည်။

အခြားမဟုတ်ပါ။

ခွေးကိုက်ခံရသူတိုင်းသည် ခွေး၏ရှေ့တွင် နေသူများဖြစ်ကြသည်ဟူသော အချက်ပင်ဖြစ်သည်။ တတ်နိုင်လျှင် ခွေးများ၏ရှေ့က ဘယ်တော့မှမပြေးပါနှင့်. . .။ သင့်ကို ခွေးက အမီလိုက်၍ ကိုက်ခဲနိုင်ရန် အခွင့်အလမ်းများစွာရှိပါသည်။

ယခုအခါတွင် ကျွန်တော်သည် ခွေးများ၏နောက်က ပြေးပြေးလိုက်နေပါသည်။

ခွေးတစ်ကောင်ကောင်၏ နောက်မှ ပြေးလိုက်လာနေသော



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကိုမြင်လျှင် ကျေးဇူးပြု၍ မရယ်ကြပါနှင့်။ ငွေကိုက်ခံရမည်စိုးသောကြောင့် ငွေနောက်ပြေးလိုက်နေသူများ၊ လက်ခုပ်သံ အကိုက်ခံရမည်ကိုစိုးသောကြောင့် လက်ခုပ်သံနောက် ပြေးလိုက်နေသူများထက်စာလျှင် ခွေးကိုက်ခံရမှာစိုးသောကြောင့် ခွေးတစ်ကောင်နောက်က ပြေးလိုက်နေရသူ၏အဖြစ်က ပို၍ အသိဉာဏ်ရှိရာရောက်သည်ဟု ကျွန်တော် ထင်ပါသည်။





# သချိုင်းတော်ည



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သေလျှင် ကျွန်တော့်အုတ်ဂူပေါ်တွင် နှင်းဆီပန်းနီနီ တစ်စည်း တင်ထားပေးစေလိုပါသည်။

အားငယ်တတ်သူတစ်ဦး၏ စိတ်ကူးယဉ်မှု (သို့မဟုတ်) ကြေကွဲဖွယ်ရာ နောက်ဆုံးတောင့်တမှုတစ်ခု (သို့မဟုတ်) အနည်းငယ် ခြောက်ကပ်ကပ်နိုင်သော ပြဇာတ်ဆန်မှုတစ်ခု (သို့မဟုတ်) အဓိပ္ပာယ်မဲ့ ကြောင်စီစီနိုင်မှုတစ်ခုအဖြစ် ကြိုက်သလို ယူဆနိုင်မည်ဖြစ်သော်လည်း ထိုစိတ်ကူးသည် ကျွန်တော်၏စိတ်ကူးသာလျှင် ဖြစ်ပါသည်။

ကွယ်လွန်သူတစ်ဦး၏ နောက်ဆုံးဆန္ဒကို အလေးအနက်ထားခြင်းသည် ယဉ်ကျေးမှု တစ်ခုဖြစ်သည်ဆိုပါလျှင် ကျေးဇူးပြု၍ ကျွန်တော့်ကို လှောင်ရယ် မရယ်ကြစေလိုပါ။ မည်မျှပင် အဓိပ္ပာယ်မဲ့သည်ဟု ယူဆစရာ အချက်အလက်တွေ ရှိနေစေကာမူ အကြောင်းမဟုတ်တော့ပါ။

ဤသည်မှာ ကွယ်လွန်မည့်သူတစ်ဦး၏ နောက်ဆုံးမှာကြားချက် ဖြစ်နေခြင်းကသာ အကြောင်းဟုတ်နေပါတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ကျွန်တော့်အုတ်ဂူပေါ်တွင် ညဦးက ကျခဲ့သော နှင်းစက်တို့ဖြင့် စိုစွတ်အေးစက်နေပါလိမ့်မည်။ ကျွန်တော်က ကျွန်တော့်ကိုယ်ကျွန်တော် ဆောင်းဥတုအတွင်းမှာ ကွယ်လွန်လိမ့်မည်ဟု ယုံကြည်ထား၏။

ကျွန်တော်သည် ကိုယ့်အချစ်ဆုံးသူရဲ့ လက်ပေါ်မှာ အသက်ကုန်ချင်တယ်ဟု ပြောလေ့ရှိသူများလောက် ပြဇာတ်ဆန်ခြင်းမရှိသော်လည်း ဖြစ်နိုင်လျှင်မူ ကိုယ်အနှစ်သက်ဆုံး ဆောင်းဥတုမှာ ကွယ်လွန်ချင်သူဖြစ်ပါသည်။ နောက်ပြီး သည်ကိစ္စမှာ သဘာဝတရားက ကျွန်တော့်ဘက်ကို မျက်နှာသာပေးလိမ့်မည်ဟုလည်း ထင်ထားမိသူဖြစ်ပါသည်။ (ဘာကြောင့် အဲသည်လို ထင်နေမိမှန်း ကိုယ့်ဘာသာကိုလည်း အသေအချာမသိပါ)

ထပ်၍ ပြောရပါဦးမည်။ ကျွန်တော်သေလျှင် ကျွန်တော့်အုတ်ဂူပေါ်တွင် နှင်းဆီပန်းနီနီတစ်စည်း တင်ထားပေးစေလိုပါသည်။ ညဦးက ကျခဲ့သော နှင်းစက်တို့ဖြင့် ကျွန်တော့်အုတ်ဂူတစ်ခုလုံး စိုစွတ်အေးစက်နေပေလိမ့်မည်။ ကျွန်တော့်အုတ်ဂူရှိရာ မြေကွက်လပ်တစ်ဝိုက်အတွင်း





က မြက်ပင်စိမ်းစိမ်းများနှင့် အဝါရောင်တောပန်းကလေးများ၏ အပေါ်တွင်လည်း အလင်းဖြင့် ကြည်လင်တောက်ပသော နှင်းမှုန်တွေစီကာ ဥနေပေလိမ့်မည်။ မြောက်ပြန်လေငွေ့အေးအေးတစ်ချက်က ယူကလစ်ပင်တွေကြား ဖြတ်သန်းတိုးဝင်သွားသောအခါ တွဲလျားကျနေသော အဖျားရှည်ရှည်ချွန်ချွန် ယူကလစ်ရွက်တွေ တရှဲရှဲလှုပ်ခါသွားသံကို ကြားရပေလိမ့်မည်။ ထိုအချိန်တွင် နံနက်ခင်း၏ နေရောင်ခြည်ကလည်း သိပ် မတောက်ပလှသော ရွှေရောင်အသစ်တစ်မျိုးဖြင့် နူးညံ့စွာ လင်းပနေလိမ့်မည်ဖြစ်ပါသည်။

ကျွန်တော် တွေ့ဖူးသမျှထဲတွင် ဆောင်းဥတု၏ နံနက်ခင်းနေခြည်သည် အနူးညံ့အချိုမြိန်ဆုံး၊ အနွေးထွေးဆုံးသော လျှို့ဝှက်မှုတစ်ခု ဖြစ်ပါသည်။

ထိုအရာသည် တမ်းတစရာအကောင်းဆုံးသော နှတ်သမီးပုံပြင်တစ်ပုဒ်လည်း ဖြစ်သည်။ ထိုအရာသည် ကုံကော်ဝတ်မှုန်ဝါဝါတွေ သုတ်သိမ်းထားသော တယောသံတစ်ခုလည်းဖြစ်သည်။ ယစ်မူးနှစ်လိုဖွယ်ရာ ခရမ်းပြာရောင် သစ်ခွပွင့်တစ်ပွင့်လည်း ဖြစ်သည်။ နောက်ပြီး ထိုအရာသည် အချစ်ဖြင့် အလင်းတို့ခညောင်းသော အေးမြသည့် မီးလျှံတစ်ခုလည်းဖြစ်လေသည်။

အဲသည်လို နေရောင်ခြည်နွေးနွေးအောက်က ကျောက်ဖြူသားအုတ်ဂူကလေးတစ်လုံးထဲမှာ ငြိမ်ငြိမ်သက်သက်ကလေး လဲလျောင်းနေရလျှင် မည်မျှကောင်းလိုက်မည်နည်းဟု ကျွန်တော် စဉ်းစားနေမိပါသည်။

သင့်အနေဖြင့် ထိုအုတ်ဂူပေါ်တွင် နှင်းဆီပန်းနီနီတစ်စည်း လာ



www.burmeseclassic.com

www.burmeseclassic.com

ရောက်တင်ထားပေးဖို့သာ လိုအပ်ပါသည်။

နှင်းခသောမြက်ပင်တွေ၊ တောရိုင်းပန်းဝါတွေကြားထဲမှာ ဖြတ်လျှောက်လာရသောကြောင့် သင့်ဖိနပ်ဦးမှာ အနည်းငယ် စိုစွတ်ကောင်း စိုစွတ်လိမ့်မည်ဖြစ်သော်လည်း သင့်အနေဖြင့် ထိုဒုက္ခလောက်ကို များစွာ မခဲယဉ်းလှဘဲ ရင်ဆိုင်နိုင်ရန် ကျွန်တော် မျှော်လင့်မိပါသည်။ (သည်နေရာတွင် တောရိုင်းပန်းကလေး၏အရောင်ကို "အဝါရောင်" ဟု ပြောရခြင်းမှာ ကိစ္စအထူးရှိသောကြောင့် မဟုတ်ပါ။ ကျွန်တော် တွေ့ဖူးသမျှ အလေ့ကျပန်းအားလုံး နီးနီးလောက်သည် "အဝါရောင်" တွေချည်း ဖြစ်နေတတ်သောကြောင့် ဖြစ်ပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ အဝါရောင်သည် အပေါစားဆန်လှသည်ဟုသော်လည်းကောင်း တစ်ယောက်ယောက်က ဝေဖန်ချက်ပေးလာလျှင်မူ ကျွန်တော်နှင့် မသက်ဆိုင်လှကြောင်း ကြိုတင်တောင်းပန်ထားချင်ပါသည်။ ကျွန်တော့်အနေဖြင့် ကျွန်တော်မြင်ဖူးသမျှကိုသာ ပြောခြင်းဖြစ်ပါသည်)

BURMESE CLASSIC .com

အလားတူပင် ကျွန်တော့်အုတ်ဂူပေါ်တွင်တင်ထားသော နှင်းဆီပန်းတစ်စည်းနှင့် ပတ်သက်၍လည်း မြင်တွေ့ရသူတိုင်းက မည်သို့ပင် ထင်မြင်ချက်ပေးစေကာမူ ကျွန်တော်နှင့် သက်ဆိုင်မည်မဟုတ်ပါ။ ကျွန်တော့်သဘောပြောရလျှင် ထိုကိစ္စသည် တစ်သီးပုဂ္ဂလ ယဉ်ကျေးမှုတစ်ခု ဖြစ်သည်ဟုထင်ပါသည်။

အုတ်ဂူပေါ်တွင် တင်ထားသောပန်းစည်းတစ်စည်းသည် ကွယ်လွန်သူကို ချစ်ခင်မြတ်နိုးသော လူ့အဖွဲ့အစည်းကလေးတစ်ခု ရှိနေသေးသည်ဟု အဓိပ္ပာယ်ဆောင်ပါသည်။ တစ်ဘက်က ပြန်တွေးကြည့်





မည်ဆိုလျှင်လည်း ထိုလူ့အဖွဲ့အစည်းက ချစ်ခင်မြတ်နိုး သတိရနိုင်သေးလောက် အောင် ကွယ်လွန်သူ၏တစ်ချိန်က ရှင်သန်ခဲ့ခြင်းသည် တန်ဖိုးရှိခဲ့ပေလိမ့်မည်။

ကျွန်တော်ဆိုလိုသည်မှာ ကွယ်လွန်သူနှင့် ရှင်သန်ကျန်ရစ်ခဲ့သူများသည် နွေးထွေးတောက်ပသော၊ ယဉ်ကျေး၍ အမြော်အမြင်ကြီးသော၊ နူးညံ့ချိုရည်ကာ ရွှေခြည်ငွေခြည်ဖြင့်ရက်ထားသော ယုံကြည်မှုအခိုင်အမာရှိသည့် လူ့အဖွဲ့အစည်းတစ်ခုအတွင်း အတူတကွ နေထိုင်ခဲ့ကြဖူးသည့်အကြောင်း ဖြစ်ပါသည်။ ဤအကြောင်းကို အုတ်ဂူပေါ်တွင် တင်ထားသော နှင်းဆီပန်းတစ်စည်းက ပြောပြနိုင်လိမ့်မည်ဟု ကျွန်တော် မျှော်လင့်ချင်ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်တော်တို့သည် လူ့အဖွဲ့အစည်းအပေါ် ထားရှိသောယုံကြည်စိတ်ကို အပျက်အယွင်းမခံဘဲ ဆက်လက်ထိန်းသိမ်းမြဲ ထိန်းသိမ်းထားကြပါသေးသည်။ ဒုတိယကမ္ဘာစစ်အတွင်းက မည်သို့ရှိမည်ကို မပြောတတ်သော်လည်း ကျွန်တော် လူဖြစ်လာခဲ့သော ၁၉၇၀ ပြည့်လွန်နှစ်များနောက်ပိုင်း စစ်အေးတိုက်ပွဲကာလကို မြင်ရသည့်အတိုင်းဆိုလျှင် ကျွန်တော့်ထင်မြင်ချက်သည် သေချာလွန်းနေပါတော့သည်။

မဟာအင်အားကြီး အုပ်စုနှစ်စု၏ မတော်တဆ ဖြစ်ပွားလာစရာရှိသော ထိခတ်မှုကလေးတစ်ခုကြောင့် ကမ္ဘာကြီးသည် ကျောက်တုံးအကြား အထုချေခံရသော ကြက်ဥတစ်လုံးလို ကြေမွသွားရတော့မတတ်ဖြစ်နေသည့် အချိန်မျိုး၌ပင်လျှင် လူသားများသည် သူတို့၏ လူ့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အစည်းကို ယုံကြည်ခဲ့မင်စွာဖက်တွယ်ရင်း ငြိမ်းချမ်းရေးအတွက် တရစပ် အလုပ်လုပ်နေခဲ့ကြပါသည်။

ထိုစဉ်က စိုးရိမ်ပူပန်သောကများ မရေရာမှုများ၊ ချောက်ချောက်ချားချား ပြစ်တင်ဆူပူမှုများဖြင့် ပွက်ပွက်ညံနေခဲ့ကြောင်းကို ဝန်ခံရမည်ဖြစ်သော်လည်း ကျွန်တော့်အထင်ပြောရလျှင် ထိုအသံများသည် ပျားတို့တဝီဝီမြည်သကဲ့သို့ ဖြစ်ပါလိမ့်မည်။

လူတွေက ရှုတ်ရှုတ်သဲသဲ ဟိုသည်တိုးဝင် လှုပ်ရှားပျံသန်းကာ လာလိုက်သွားလိုက်နှင့် ယောက်ယက်ခတ်ပြီး တဝီဝီအော်ဟစ်နေကြဆဲမှာပင် ကမ္ဘာကြီးသည် ပျားအုံတစ်အုံလို ချစ်စရာကောင်းပုံမျိုးဖြင့် အသက်ဝင်နေခဲ့ပါသည်။





BURMESE CLASSIC .com

ကျွန်တော် အသေအချာမှတ်မိနေသော ညနေခင်း တစ်ခုရှိသည် ဆိုပါလျှင် ထိုညနေခင်းသည် အခြားသော ညနေခင်းများနှင့် အတူတူပင်ဖြစ်သည့်အကြောင်း အရင်ဆုံး ပြောထားဖို့ လိုအပ်ပါလိမ့်မည်။

နေရိပ်ကျသော ခြံဝင်းအစပ်က သစ်ပင်တစ်ပင်အောက်တွင် ကျွန်တော့်ဘကြီးက ပက်လက်ကုလားထိုင်တစ်လုံးပေါ် ထိုင်ရင်း တိုင်း(မ်) မဂ္ဂဇင်းကို ဖတ်နေပါသည်။ သူက ပါးစပ်ထဲတွင်ခဲထားသော ဆေးပြင်းလိပ်ကို တစ်ချက်နှစ်ချက် ခပ်ဖြည်းဖြည်းဖွာလိုက်ရင်း . . .

“ဒီအတိုင်းသာဆိုရင် ဆိုဗီယက် က အာဖဂန်နစ္စတန်ကို ဝင်ဆော်တော့မှာ သေချာတယ်”

ဟု အေးအေးဆေးဆေးပြော၏။ နောက် ငုံ့ထားသောရေနွေးကြမ်းကို အသာအယာမှုတ်သောက်ရင်း စဉ်းစားနေပါသည်။ သူ စဉ်းစားနေပုံကို ကြည့်ရသည်မှာ ညနေစာတွင် သူကြိုက်သော မှိုဟင်းပါ မပါ ခန့်မှန်းကြည့်နေပုံမျိုးနှင့် တူနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ လိပ်ပြာတွေ အများကြီး ပျံဝဲနေကြသော ညနေခင်း အဝေးကို ငေးရင်း ဆောင်းဥတု၏ညနေခင်းဖြစ်သည်ဟု စိတ်ထဲတွင် ထင်နေမိပါသည်။ (ကျွန်တော်က ယခုထိလည်း လိပ်ပြာတွေ အများအပြား ပျံဝဲနေသော ညနေခင်းကို မြင်တိုင်း ဆောင်းဥတုရောက်ပြီဟု ထင်ချင်နေဆဲပင်ဖြစ်၏)

ဆောင်းဥတု ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ တိမ်တွေတောက်နေသော ပန်းရင့်ရင့်၊ ခရမ်းပြာ၊ လိမ္မော်ရောင် ညနေခင်းထဲမှာ ပန်းရန့်တွေ သင်းနေခဲ့ပြီး လိပ်ပြာနှင့် ပုစဉ်းရင်ကွဲများလည်း ပျံသန်းနေကြပြီး ကလေးတစ်ယောက်၏စိတ်ကူးများလည်း နူးညံ့ပေါ့ပါးစွာဖြင့် လေပြည်ထဲတွင် လွင့်မျောနေခဲ့ပါသည်။



BURMESE CLASSIC .com



ယခုအချိန်တွင် ကျွန်တော်လည်း ကလေးတစ်ယောက်မဟုတ်တော့ပါ။ စစ်အေးတိုက်ပွဲကိုလည်း လွန်လာခဲ့ပြီးဖြစ်သည်။ ဆေးပြင်းလိပ်ကိုဖွာနေသော ကျွန်တော့်ဘကြီးထိုင်ရာ ခြံထောင့်မှ သစ်ပင်ကိုလည်း ခုတ်ပစ်လိုက်ပြီဖြစ်သည်။

စစ်အေးတိုက်ပွဲပြီးဆုံးသွားခြင်းသည် ကမ္ဘာပေါ်ရှိ အထွေထွေပဋိပက္ခများ ချုပ်ငြိမ်းသွားခြင်းဟူသော သဘောကိုမဆောင်ပါ။ သမိုင်းစာမျက်နှာပေါ်မှ ခေါင်းစဉ်တစ်ခုပျောက်သွားခြင်းမျှသာ ဖြစ်ပါသည်။ ပဋိပက္ခများသည် အသွင်သဏ္ဌာန် အမျိုးမျိုးကိုဆောင်ကာ ပို၍ များပြားနက်ရှိုင်းလာကြပြီး ပို၍ရှုပ်ထွေးလာကာ ပို၍လည်း အရောရောအနှောနှော ဖြစ်လာကြပါသည်။

ကမ္ဘာ့လူသားတို့သည်လည်း "ပျားအုံတစ်အုံ" ထဲရှိ ပျားများနှင့်တူနေရာမှ ပျားအုံလေးငါးခြောက်ခုအကြား ကိုယ့်အိမ်ကိုယ့်ယာကို



www.burmeseclassic.com

www.burmeseclassic.com

မမှတ်မိလောက်အောင် အလုပ်တွေများပြီး အမှားမှားအယွင်းယွင်း ဝင်လိုက်ထွက်လိုက်ဖြစ်နေရပုံမျိုးနှင့် ပိုတူလာပါသည်။

အာရှငွေကြေး တန်ဖိုးပြဿနာများ၊ ပစိဖိတ်ဒေသ လုံခြုံရေးဆွေးနွေးပွဲများ၊ ကမ္ဘောဒီးယားသူပုန်များ၊ မျိုးရိုးဗီဇဆဲလ်အတတ်ပညာများ၊ ကွန်ပျူတာဂိမ်းများ၊ ဂြိုဟ်တုသတင်းနှင့် ဘဂ္ဂဒက်မြို့ပေါ် ကျရောက်ပေါက်ကွဲနေသည့် ဒုံးကျည်တို့၏အလင်းများ၊ ဘောလုံးပွဲ အလောင်းအစား၊ စျေးကွက်စီးပွားရေးစနစ်နှင့် နည်းပညာသစ် နယ်မြေလုပွဲများ၊ အရှေ့နှင့်အနောက် ယဉ်ကျေးမှု အရောရော အနှောနှော ဖြစ်မှုနှင့် တိုင်း(မ်) မဂ္ဂဇင်းပါ ကိုကာကိုလာ သောက်နေသော ဒလိုင်းလားမားဘုန်းတော်ကြီးတို့သည် ရှုပ်ထွေးပြည့်ကျပ်နေအောင် အထပ်ထပ်ရေးသွင်းထားသော (စိတ်ညစ်စရာကောင်းလောက်အောင် ပြည့်စုံလွန်းနေသည့်) လမ်းညွှန်မြေပုံတစ်ခုနှင့် တူနေပါတော့သည်။

ဆိုလိုသည်မှာ လျင်မြန်ကျယ်ပြန့်လွန်းသော သတင်းမီဒီယာကွန်ရက်ကြောင့် ကျွန်တော်တို့သည် ကမ္ဘာကြီး၏ နေ့စဉ် လှုပ်ရှားမှုများအကြောင်းကို (မြေပုံပေါ်ရှိ မလိုအပ်လှသော) ချုပ်ပုတ်ငယ်များ၊ ရေအိုင်ကလေးများပမာ အသေးစိတ်အတိအကျ တွေ့မြင်နေကြရသည်။ သို့ရာတွင် စိတ်ဆင်းရဲစရာ အကောင်းဆုံးဖြစ်ရပ်မှာ ထိုမျှ အသေးစိတ်ကျလွန်းနေသည့် မြေပုံပေါ်တွင် အရေးအကြီးဆုံး အစိတ်အပိုင်းဖြစ်သည့် အရှေ့၊ အနောက်၊ တောင်၊ မြောက် ပြ အမှတ်အသား ပါမလာသောကြောင့် အဆိုပါ သတင်းအချက်အလက်တို့သည် မည်သည့်ဘက်သို့ ဦးတည်နေမှန်း မသိနိုင်ခြင်းဖြစ်ပါသည်။

●





မည်သို့ပင်ဖြစ်စေ ပျားတို့ကတော့ သူတို့၏ပျားအုံအမှန်ကို အသီးသီးတွေ့အောင် ရှာဖွေရန် တစိုက်စိုက် အော်မြည်ပျံသန်းနေကြဆဲပင် ဖြစ်ပါသည်။ သူတို့သည် သူတို့၏ လူ့အဖွဲ့အစည်းတွင် ခိုင်မာငြိမ်းချမ်းသော နွေးထွေးမှုတစ်ခုကို ရှာဖွေတွေ့ရှိရန် မျှော်လင့်နေကြဆဲပင်ဖြစ်၏။ သူတို့ခိုဝင်နားမိရာ လူ့အဖွဲ့အစည်းပျားအုံသည် သူတို့နှင့် မသင့်လျော်လျှင် စွန့်ခွာ၍ သင့်တော်မည့် နောက်ထပ် လူ့အဖွဲ့အစည်းတစ်ခုကို ရှာဖွေရန် ပျံသန်းကြခြင်းသည် သူတို့အလုပ်ဖြစ်ပါသည်။

ကျွန်တော် ပြောခဲ့ပြီးသော စကားကိုပင် ထပ်ပြောရမည်ဆိုပါလျှင် . . .

“မည်သို့ပင်ဖြစ်စေကာမူ လူတို့သည် လူ့အဖွဲ့အစည်းအပေါ်ထားရှိသော ယုံကြည်စိတ်ကို အပျက်ယွင်းမခံဘဲ ဆက်လက်ထိန်းသိမ်းထားကြပါသေးသည်”

ဟုသာ ပြောရပါတော့မည်။

●



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ခန့်မှန်းချက်ကို ပြောရလျှင် သက္ကရာဇ် ၂၀၀၀ ပြည့်လွန်နှစ်များတွင် ကမ္ဘာကြီးသည် ပို၍ ကျစ်လျစ်သိပ်သည်းသော (တစ်ချိန်တည်းတွင် အရပ်ရှစ်မျက်နှာသို့ ခွဲဖြာထွက်နေသော လူ့အဖွဲ့အစည်းစနစ်တစ်ရပ်ဆီသို့ ဦးတည်သွားပါလိမ့်မည်။ နိုင်ငံရေးရာဝါဒများသည် ပို၍ မတင်မကျဖြစ်လာကြပြီး စကားလုံးဟောင်းများကို ဖွင့်ဆိုရှင်းပြရာ အဓိပ္ပာယ်များသည်လည်း အဆုံးသတ်သွားကြပါလိမ့်မည်။ နောက်ပြီး "ရည်ရွယ်ချက်တစ်ခုချင်းစီအပေါ် မူတည်၍ လွတ်လပ်စွာ စုစည်းထားသော အသင်းအဖွဲ့များ" သာလျှင် ကမ္ဘာကြီး၏ နေ့စဉ်နှလုံးခုန်နှုန်းကို အစဉ် နိုးထစေနိုင်စွမ်းသောအဖြစ်သို့ ရောက်ရှိစေပါလိမ့်မည်)

ထိုအသင်းအဖွဲ့များအတွက် နိုင်ငံရေးဆိုင်ရာဝါဒများ၊ လူမျိုးရေးပြဿနာများ၊ နယ်နိမိတ်စည်းများသည် အရေးကြီးလှတော့မည်မဟုတ်ပါ။ သူတို့အတွက် "အလုပ်ဖြစ်ရေး" သာလျှင် အဓိက ဖြစ်လာပါလိမ့်မည်။ အသင်းအဖွဲ့ထဲတွင်ပါဝင်သော နိုင်ငံ တစ်နိုင်ငံချင်းစီသည် မိမိ





တို့၏ သီးခြားကွဲလွဲနေသော မူဝါဒရေးရာကိစ္စများကို ကိုယ်ပိုင်လွတ်လပ်စွာသော်လည်းကောင်း၊ အလားတူ အခြားအဖွဲ့အစည်းနှင့် ပူးပေါင်း၍သော်လည်းကောင်း ဆုံးဖြတ် ဖြေရှင်းရမည်ဖြစ်ရာ ကမ္ဘာကြီးသည် "မျိုးတူစု"များ စုဖွဲ့ထားသော သံကြိုးဆက် အသင်းအဖွဲ့များအကြား တစ်ယောက်နှင့်တစ်ယောက် ရန်သူ မိတ်ဆွေဟူ၍ ပြတ်ပြတ်သားသား ခွဲခြားရန်ခက်သည့် အခြေအနေသို့ ကျရောက်သွားမည်ဖြစ်ပါသည်။

●

ဥပမာပေးရလျှင် အာရှတိုက်ဆိုင်ရာ စီးပွားရေးကိစ္စများအတွက် အမေရိကန်သည် တရုတ်၊ ဂျပန်တို့နှင့်ပူးပေါင်းကာ အသင်းအဖွဲ့တစ်ခု တည်ထောင်ပါလိမ့်မည်။ သို့ရာတွင် စစ်ရေးကိစ္စအတွက်မူ အမေရိကန်သည် ထိုင်း၊ ဖိလစ်ပိုင် စသော နိုင်ငံများနှင့်အတူ သီးခြားအသင်းတစ်ခုထဲတွင် ပါဝင်နေပါလိမ့်မည်။ အလားတူပင် တရုတ်ကလည်း စစ်ရေးအတွက် အခြားသောနိုင်ငံများ ပါဝင်ဖွဲ့စည်းထားသည့် အသင်းထဲတွင် ပူးပေါင်းလှုပ်ရှားနေပါလိမ့်မည်။

အခြားသော ခေါင်းစဉ်တစ်ခုအတွက် (ဥပမာ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးအတွက်) အသင်းတစ်ခုရှိမည်ဆိုပါလျှင်လည်း ထိုအသင်းတွင် ဂျပန် နှင့် အမေရိကန် သာပါဝင်ပြီး တရုတ်နိုင်ငံမပါဘဲလည်း ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။ ထိုနည်းတူ အခြားသော ရည်ရွယ်ချက်တစ်ခုအတွက် တရုတ်နှင့်ဂျပန်သာပါဝင်ပြီး အမေရိကန် မပါသော အသင်း



www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့တစ်ခုလည်း တစ်ပြိုင်နက်တည်းတွင် ရှိနေပါလိမ့်မည်။ စီးပွားရေးကိစ္စများကို အဖွဲ့တစ်ခုတည်း၏ ခေါင်းစဉ်အောက်တွင် အတူတကွ လက်တွဲကြိုးပမ်းနေသည့် နိုင်ငံနှစ်နိုင်ငံသည် စစ်ရေးကိစ္စအတွက်မူ ဆန့်ကျင်ဘက်အဖွဲ့အစည်းများတွင် အသီးသီး ပါဝင်နေကြပါလိမ့်မည်။

အလွန်တရာမှ ရှုပ်ထွေးလှသော ဆက်ဆံရေးများ ပေါ်ပေါက်လာမည်ဖြစ်သည့်တိုင် ကျွန်တော်တို့ မည်သို့မျှမတတ်နိုင်ပါ။ ၂၁ ရာစု ကမ္ဘာမြေကြီးကို ထိုအသင်းအဖွဲ့များက ချုပ်ကိုင်မောင်းနှင်ကြလိမ့်မည် ဖြစ်ပါသည်။





တစ်ခုပြောထားရန် လိုအပ်သည်မှာ ကျွန်တော့်ခန့်မှန်းသုံးသပ်ချက်သည် မည်မျှအထိ မှန်ကန်နိုင်ပါသည်ဟု (ခပ်ညံ့ညံ့ ဗေဒင်ဆရာတစ်ယောက်၏ အိုက်တင်မျိုးဖြင့်) အာမခံချက်ပေးရန် ဘာအကြောင်းမှ မရှိဆိုခြင်းပင်ဖြစ်ပါသည်။

နောက်အနှစ်တစ်ရာခန့်ကြာပြီးနောက် ဟောသည်လိုနေ့မျိုးတွင် သင်ကော ကျွန်တော်ပါ အသက်ရှင်နေကြတော့မည် မဟုတ်သည်မှာ သေချာနေပါလိမ့်မည်။ ထိုအချိန်တွင် ကမ္ဘာကြီးသည် မည်သည့်ပုံစံဖြင့် လှုပ်ရှားခုတ်မောင်းနေစေကာမူ ကျွန်တော်တို့အတွက် အရေးမကြီးလှတော့ပါ။

သို့ရာတွင် ထိုနေ့က ကောင်းကင်တွင် ပန်းရင့်ရင့်၊ ခရမ်းပြာ၊ လိမ္မော်ရောင်တိမ်တွေ တောက်ပနေကြပြီး ပန်းရနံ့များလည်း သင်းပျံ့နေပါလိမ့်မည်။ လိပ်ပြာများနှင့် ပုစဉ်းရင်ကွဲများသည် ပျံသန်းနေကြကာ ကလေးများကလည်း ကြည်နူးမြူးထူးစွာ စိတ်ကူးယဉ် ဆော့ကစားနေပါ



www.burmeseclassic.com

www.burmeseclassic.com


လိမ့်မည်။

ပျားများနှင့်တူသော လူတို့သည် တစီစီအော်မြည်ရင်း သူတို့၏ လူ့အဖွဲ့အစည်း ပျားအုံကို ငြိမ်းချမ်းရေးဖြင့်တည်ဆောက်ရန် တရစပ် ကြိုးပမ်းနေပေလိမ့်မည်ဟု ကျွန်တော် ယုံကြည်မိပါသည်။

နောက်ပြီး သတိရတတ်သူတစ်ယောက်တလေကလည်း ကျွန်တော့် အုတ်ဂူပေါ်တွင် နှင်းဆီပန်းနီနီတစ်စည်း လာရောက်တင်ထားပေး ကောင်း တင်ထားပေးပါလိမ့်မည်။

■

# ကွန်းခိုရိပ်သာ



www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်ကိုယ်လုံး ပေါ့ပါးကာ၊ တိမ်တွေမျိုချကာ သူလိမ့်လာသည်။ လေအပြည့်ထိုးထားသော မော်တော်ကားတာယာတစ်လုံး၏ လိမ့်လာပုံမျိုး၊ ဖောင်းကားနေပုံမျိုး၊ သူ့ခန္ဓာကိုယ် အခွံဟောင်းလောင်းထဲ သောကပူများကို ပြည့်တင်းဖောင်းကားနေအောင် အပြည့်အသိပ်ထိုးထည့်ကာ လမ်းပေါ်တွင် သူလိမ့်လာနေသည်။

နဂါးနှင့်တွေ့ရန် သူလာခဲ့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ရဲ့ လည်ဆံမွေးဟာ မိုးရေစက်အေးအေးတွေကို ခါချ လိုက်ချေပေါ့။ ပြောပါ. . . ငါ ဘာလုပ်ရမလဲ။ ကမ္ဘာမြေကြီးအတွက် အနွေးထည်တစ်ထည် ဝယ်ပေးရမှာလား။ ပရောမီးသယပ်စ်ခိုးယူလာ တဲ့ မီးတွေနဲ့ ကမ္ဘာကြီးနွေးအောင် တံစို့ထိုးပြီး ကင်လိုက်ရမှာလား။ ဒါမှမဟုတ် ကမ္ဘာမြေကို ဘရန်ဒီတစ်ခွက်လောက် တိုက်ရမှာလား။

ကမ္ဘာကြီးရေ. . . မင်း ငါ့ကို မီးရှို့ပြီး မီးလှုံရင်တောင် နွေးနိုင်မယ် မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင်က ရေစိုနေတဲ့ ထင်းတစ် ချောင်း ဖြစ်နေလို့ပါကွယ်။





သူ့တစ်ကိုယ်လုံး မိုးရေထဲတွင် ရွှဲနစ်သွားသည်။ ရိဆွေးနေသော မိုးကာအင်္ကျီစကို ဖြတ်ကာ စိမ့်ဝင်လာသည့်မိုးစက်များစွာ သူ့အရေပြား ပေါ်ရှိ မွေးညင်းပေါက်ကလေးတိုင်း ပြည့်လျှံသွား၏။ သူ ခိုက်ခိုက်တုန် လာသည်။ အက်ဆစ်ပါသော မိုးများဖြစ်သောကြောင့် ပိုဆိုး၏။ သူ့ ကြွက်သား၊ အရေပြား၊ အကြောများကို တရိရိကိုက်စားဝါးမျိုရင်း ရိုးတွင်းချဉ်ဆီရှိရာဆီသို့ ချဉ်းကပ်လာနေပြီဟု အောက်မေ့မိ၏။

မိုးစက်များအကြားမှ ဖြတ်သန်းတိုက်ခတ်လာသည့် မုတ်သုံတစ် ပိုင်း လေထဲတွင်လည်း အက်ဆစ်ငွေ့တို့ပါလာ၏။ သူ ရင်ခေါင်းထဲ အပြည့်ရှူသွင်းပစ်လိုက်သည်။ သူ့သွေးထဲတွင် အက်ဆစ်ရာခိုင်နှုန်း မည်မျှများနေပြီလဲ။ မစဉ်းစားချင်၊ စဉ်းစားနေစရာလည်းမလို။ ဒီ အက် ဆစ်များကြောင့် သူ မကျန်းမမာဖြစ်ပြီး ဗုန်းဗုန်းလဲသွားစရာ အကြောင်းမရှိ။ သည် လူနေမှုစနစ်ကြီးက သူ့ကို နေမကောင်းဖြစ်ခွင့် ပေးမထား၊ သေခွင့်ပေးမထား။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေဖမိုးပေါ် ဖြတ်ပြီးစီးကျသွားသော အက်ဆစ်မိုးရေစက်များကို သူ အဓိပ္ပာယ်မဲ့ငေးကြည့်နေဖြစ်သည်။ (ကမ္ဘာမြေပြင်အနှံ့အပြားတွင် အနုမြူစွမ်းအင်ပေါက်ကွဲမှုများ ရာနှင့် ထောင်နှင့်ချီ၍ ဖြစ်ပျက်နေကြပေလိမ့်မည်) ရေဒီယိုသတ္တိကြွနေသော လေထုထဲသို့ ကမ္ဘာမြေကြီးသည်လည်း တဖြည်းဖြည်း ပါးလွှာပါးလွှာ၍ ပျော်ဝင်နေပေလိမ့်မည်။ အနုမြူစွမ်းအင်သုံးယာဉ်များ၊ စက်ယန္တရားများသည်လည်း တဝိုးဝိုး လှုပ်ရှားလည်ပတ်ရင်း ကမ္ဘာမြေ၏ ရေသောက်မြစ်များကို ကြံရည်ကြိတ်စက်တစ်လုံးလို ဝါးဖိနင်းချေနေပေလိမ့်မည်။ ကမ္ဘာမြေကိုဖုံးအုပ်ထားသည့် အိုဇုန်းအလွှာအတုမှ ဘေးထွက် ဓာတ်ပစ္စည်းများသည်လည်း လူသားများပေါ်သို့ မြူခိုးတွေကျသလို တအိအိမှုန်မှိုင်းဖိတ်စဉ်ကျနေပေလိမ့်မည်။

တွေးရင်းနှင့် ကြေကွဲမှုတွေ ရေခဲမှုန်လို တဖြည်းဖြည်းချင်းအေးခဲစုကပ်ကာ သူ့နှလုံးသားတစ်ခုလုံး ရေခဲတုံးတစ်တုံးဖြစ်သွား၏။ (သူ့တစ်ကိုယ်လုံး ပေါ့ပါးသွားအောင် တိမ်တွေလို မျိုချပစ်လိုက်ချင်သည်) သူ့တစ်ကိုယ်လုံးလည်း လေးလံနေပြီး ဘယ်လိုမှ အကာအကွယ်မပေးနိုင်စွမ်းတော့သော မိုးကာအင်္ကျီပါးပါး ရိရိကလေးကို ချွတ်ချလိုက်၏။ နောက် အောက်တွင်ခံဝတ်ထားသည့် တစ်ထည်တည်းသော စွပ်ကျယ်အင်္ကျီကိုပါ ပင့်လိမ်တင်ပြီး ချွတ်လိုက်သည်။ အက်ဆစ်မိုးရေများ စိုစွတ်နေသောကြောင့် စွပ်ကျယ်သည် ရှူးရှူးသွပ်သွပ် လေးလံနေရ၏။ မတတ်နိုင်။ လဲစရာ အင်္ကျီအပိုမရှိ။ သူ့လို အလုပ်လက်မဲ့တစ်ယောက်အတွက် အင်္ကျီဆိုသည်မှာ တော်ရုံတန်ရုံစိတ်ကူးယဉ်တတ်သူတစ်ယောက်၏





ရင်ထဲတွင်ပင် အပင်ပေါက်ရန် ခဲယဉ်းလောက်အောင် မြေဆီသြဇာနည်းလွန်းသော အိပ်မက်စိုက်ခင်းတစ်ခုဖြစ်၏။

စွပ်ကျယ်အင်္ကျီအစနှစ်ဘက်ကို လက်နှစ်ဘက်ဖြင့်ကိုင်ကာ တဖြည်းဖြည်းချင်းလိမ်၍ ရေညှစ်ချလိုက်သည်။ မိုးရေစက်တို့ သူ့တံတောင်ဆစ်အထိ စီးကျလာ၏။ အဝတ်စကို ဓားဖြင့် ခွဲလိုက်သံလိုလို ခပ်သဲ့သဲ့ကြားရသည်။ သူစွပ်ကျယ်ကို ပြန်ဖြန့်လိုက်သည်။ အက်ဆစ်မိုးရေတို့၏ ဒဏ်ကို ခံစားရဖန်များသောကြောင့် ထိုဆွေးနေသည့် စွပ်ကျယ်သည် ဖိအားဖြင့် လိမ်ညှစ်လိုက်သောကြောင့် အတွန့်အလိပ် ခေါက်ကြောင်းများတစ်လျှောက် အစင်းလိုက် အစင်းလိုက်စုတ်ပြဲသွားလေပြီ။

သူ ဘာမှမတတ်နိုင်။ ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲပြစ်ရန်ပင် တတ်နိုင်သည့်အင်အားမရှိတော့။ အရာရာသည် သည်အတိုင်းပင် ဖြစ်ပျက်နေကြခြင်းဖြစ်သည်။ ဘာမှမတတ်နိုင်ခြင်းသည် ကမ္ဘာမြေပေါ်တွင် ဖြစ်ရိုးဖြစ်စဉ်လို အသားကျနေပြီဖြစ်သည်။

သည်ကိစ္စများကို ဦးနဂါးသာလျှင် တတ်နိုင်ပေလိမ့်မည်။ ဦးနဂါးဆီသို့ သွားမှဖြစ်တော့မည်ဆိုသည်ကို သူ နားလည်ထားသည်မှာ ကြာမြင့်လှပြီဖြစ်၏။ ဦးနဂါးက သူတို့လို အခြေမဲ့အနေမဲ့ ငတ်ပြတ်နေသောလူများအတွက် ကွန်းခိုရိပ်သာဟုခေါ်သော နေရာတစ်ခု ဖွင့်လှစ်ပေးထားသည်။

သို့သော် ထိုကွန်းခိုရိပ်သာသို့ ဝင်ချင်တိုင်းဝင်ခွင့်မရ။ ဦးနဂါး၏ ရုံးသို့ သွားကာ လျှောက်လွှာတင်ရသည်။ ထိုလျှောက်လွှာကို အဆင့်ဆင့်စစ်ဆေးကာ အမှန်တကယ် အလုပ်အကိုင်လုပ်နိုင်သော စွမ်းအားမရှိ



www.burmeseclassic.com

www.burmeseclassic.com

တော့ကြောင်း၊ ငေါ်ပြတ်နေသည်မှာ ကြာပြီဖြစ်ကြောင်း၊ ကျန်းမာရေးအရ မသင့်လျော်တော့ကြောင်း၊ မည်သည့်နည်းနှင့်မျှ နေစရာထိုင်စရာ ဖန်တီး၍မရနိုင်တော့ကြောင်း စသဖြင့် ကွန်းခိုရိပ်သာသို့ ဝင်ခွင့်ပြုခြင်းဖြစ်သည်။ ထို့ကြောင့် နေ့စဉ်နေ့တိုင်း ဦးနဂါး၏ရုံးရှေ့တွင် သူလို အလုပ်လက်မဲ့တွေ စုပြုံတိုးဝှေ့နေစမြဲ။

သည်နေ့လည်း ခါတိုင်းလိုပင် လူတွေ တိုးဝှေ့နေကြဦးမည်မှာ သေချာသည်။

သူ ခေါင်းကို ခါယမ်းလိုက်သည်။

"ငါ ဘာမှမတတ်နိုင်တာ အခုမှမဟုတ်ပါဘူး၊ ကြာလှပြီပဲ"

ဟု အသံထွက် ရေရွတ်လိုက်၏။

သူ့တတ်နိုင်မှုများကို တစ်စုံတစ်ရာက စုပ်ယူဝါးမျိုခဲ့ပြီးပြီ။ ပြီးမှ သူ့ခန္ဓာကိုယ်အပုပ်ကြီးကို အန်ဖတ်အဖြစ် ကမ္ဘာမြေပေါ်ပြန်ထွေးထုတ်ချထားခဲ့ခြင်းသာဖြစ်၏။ မတော်တဆမြေဩဇာဖြစ်သွားနိုင်ရုံမှလွဲ၍ အသုံးဝင်စရာမရှိတော့သော နေထိုင်မှုဖြင့် ဘယ်လောက်ကြာကြာ ဆက်နေထိုင်ရဦးမှာလဲ. . . ကဲ။ သူ့အတွက် ခေတ္တခဏ ခြေစုံရပ်၍ မတ်တတ် ငိုက်မျဉ်းရန်နေရာမရှိ။ လမ်းမ ပလက်ဖောင်းများပေါ်တွင် သူ့လို အခြေမဲ့အနေမဲ့ လူတန်းစားများအတွက် တစ်နေရာတည်းမှာ ကြာရှည်မတ်တတ်ရပ်နေခွင့် မရှိ။ လမ်းပေါ် ကင်းလှည့်နေသော အစောင့်စက်ရုပ်များက ချက်ချင်းရောက်လာပြီး သူ့ပခုံးကို ခပ်ကြမ်းကြမ်း ကိုင်ဆုပ်ခါယမ်းကြလိမ့်မည်။ သူတို့၏ အီလက်ထရောနစ် မှတ်ဉာဏ်ထဲမှ ပုံသေမေးခွန်းများကို ငြီးငွေ့စရာကောင်းသော သတ္တုသံတရဲ





ရဲဖြင့် မေးမြန်းကြလိမ့်မည်။ သူ့မှာမရှိသော အိမ်၏လိပ်စာကို မေးမြန်းပြီး အိမ်ပြန်သွားရန်သာ အမိန့်ပေးလိမ့်မည်။

မိသားစုပြိုကွဲခြင်းဆိုသည့် စကားလုံးကိုလည်းကောင်း၊ စားဝတ်နေရေးဆိုသည့် စကားလုံးကိုလည်းကောင်း၊ ကိုယ်ကျင့်တရားဆိုသည့် စကားလုံးကိုလည်းကောင်း၊ သိက္ခာဆိုသည့် စကားလုံးကိုလည်းကောင်း ထိုစက်ရုပ်နားလည်မည်မဟုတ်ပါ။

မျှော်လင့်ချက်ပြိုကွဲနေသည့် အခြေအနေမဲ့ လူသားတစ်ယောက်နှင့် တွေ့ကြုံရသည့်အခါမျိုးတွင် ဘာလုပ်ရမည်ဆိုသည်ကို စက်ရုပ်တီထွင် ထိန်းချုပ်စေခိုင်းသူများက အီလက်ထရောနစ်မှတ်ဉာဏ်ထဲတွင် အချက်အလက်တစ်ခုအဖြစ် ထည့်သွင်းပေးလိုက်ကြသည်မဟုတ်ပါ။ ထို့ကြောင့် စက်ရုပ်တွေမှာ သူ့ကို ပြောစရာစကား တစ်ခွန်းသာရှိသည်။

"ဒီနေရာက မြန်မြန်ထွက်သွားစမ်း"

သူ့လည်ချောင်းထဲ တစ်စုံတစ်ရာ ကန့်လန့်ခံနေသလို ခံစားရသည်။ ထိုအရာသည် စပရိန်တစ်ခုနှင့်တူသော ကြေကွဲမှုများပင်ဖြစ်ပေလိမ့်မည်။ အထပ်ထပ် အရစ်ရစ်ခွေထားခြင်းကြောင့် နေရာကျုံ့ကောင်းကျုံ့နေမည်ဖြစ်သော်လည်း အချိန်မရွေး ဆန့်ကျင်ထွက်လာမည့် စပရိန်တစ်ခု ဖြစ်လေသည်။ သို့သော် ယခုအထိတော့ သူ၏ကိုယ်လုံးမှာ ဆန့်ကန် ပေါက်ကွဲထွက်ဖို့ အခွင့်အရေးနှင့် အင်အားရှိမလာသေး။ စပရိန်သံချေး တက်နေပြီထင်၏။

သူ. . . လေးပင်ကြာမြင့်စွာ တွေးနေမိသည်။ သံဖြင့်ပြုလုပ်ထားသော စက်ရုပ်များက သံချေးမတက်ဘဲ လူစင်စစ်များက ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သံချေးတက်ကုန်ရသလဲ။ ယခုလောလောဆယ်တွင်ပင် သူတစ်ကိုယ်လုံး သံချေးမှုန်များဖြင့် ဝါညစ်ညစ် ကြမ်းရင့်အိုမင်းသွား၏။ လက်ဖြင့် အသာအယာထိလိုက်ရုံမျှဖြင့်ပင် တစ်စစီ ပဲ့ကြွေပြိုလဲ ကျသွားတော့မည့်ပုံမျိုး။

တစ်နေ့က သူ ပန်းခြံတစ်ခုအတွင်း ဝင်သွားပြီး အစောင့်စက်ရုပ်များအလစ်တွင် ချောင်အကျဆုံး ခုံတန်းလျားတစ်ခုပေါ် ပစ်လှဲချလိုက်၏။ သူ့ကိုယ်သူပင် မဟန်နိုင်လောက်အောင် ဝုန်းခနဲပြုတ်ကျသွားခြင်းမျိုးဖြစ်သည်။

တရကြမ်း ခုတ်မောင်းသုံးစွဲနေရသော အင်အားကို ခဏရပ်တန့်ချွေတာခွင့်ရသောအခါမှပင် မိမိတွင် အင်အား မည်မျှနည်းပါးနေပြီဆိုသည်ကို သူ သတိထားမိတော့သည်။ မေ့ဆေးပြယ်သွားသောအခါတွင် စောစောက မနာကျင်ခဲ့သော ဒဏ်ရာက နှစ်ဆတိုး၍ နာကျင်လာသလိုမျိုးပင်။

သူ ဖျားနေပြီ။ ဘာမှ မတတ်နိုင်။ သူ အိပ်ပျော်သွားသည်။

ခပ်ကြမ်းကြမ်းလှုပ်နှိုးသံကြောင့် မျက်စိနှစ်လုံးကို ဖွင့်ကြည့်လိုက်သောအခါ ပန်းခြံစောင့် စက်ရုပ်၏ သံမဏိမျက်နှာကို စတွေ့ရသည်။

"ဒီနေရာမှာ အိပ်ခွင့်မရှိဘူး။ အိပ်ရင် ဒဏ်ငွေရိုက်နိုင်တယ်"

အမြင်ကပ်စရာကောင်းသော သတ္တုတိပ်ပြားရစ်သံတရှဲရှဲက စက်ရုပ် ရင်ဘတ်အထက်နားရှိ အသံသေတ္တာ အပေါက်ငယ်မှထွက်လာသည်။ သူက စိတ်တိုတိုဖြင့် . . .

"ဒဏ်ငွေဆောင်စရာ ပိုက်ဆံ မရှိဘူး။ ဒီမှာ ပျင်းလို့ သက်သက်လာအိပ်နေတာလည်း မဟုတ်ဘူး၊ နေထိုင်မကောင်းလို့ကွ နားလည်လား"

စက်ရုပ်မှ သတ္တုတိပ်ပြားရစ်သံ ပြန်ပေါ်လာသည်။

"နေထိုင်မကောင်း၊ ဘာလဲ၊ နေထိုင်မကောင်းဆိုတဲ့ ဝေါဟာရက ဘာအဓိပ္ပာယ်လဲ၊ ရှင်းပါ"

အဖျားသွေးက ဒေါသနှင့်အတူ အပူရှိန်တက်လာ၏။

"ကျွတ် . . . ဟိုကွာ၊ ရောဂါပေါ့ . . . ရောဂါ ဖြစ်တယ်လို့ပြောတာ"

"အား . . . ရောဂါ . . . သိပ်ကြောက်စရာကောင်းတယ်၊ ဒီခေတ်လူ့အဖွဲ့အစည်းမှာ ဘယ်သူမှ အကြောင်းနိုင်နိုင်လုံလုံမရှိဘဲ ရောဂါဖြစ်ခွင့်မရှိဘူး၊ အများကို အနှောင့်အယှက်ပေးနိုင်တဲ့ အရာတစ်ခုပဲ"

ကိုယ့်ဘာသာကိုယ် နေမကောင်းဖြစ်တာပဲ မင်းတို့ဆီမှာ ခွင့်တောင်းရဦးမှာလားဟု သူ ကျိတ်၍ ဆဲရေးရေရွတ်လိုက်၏။ စက်ရုပ်က သူ့လက်မောင်းကို တင်းတင်း ဆုပ်ကိုင်၍ ဆွဲခေါ်သွားသည်။ ပန်းခြံနှင့် မျက်နှာချင်းဆိုင် အရေးပေါ်ဆေးရုံထဲသို့ သူပါသွား၏။ ဆေးရုံမြေညီထပ်ရှိ အခန်းတစ်ခုထဲအရောက်တွင် ကွန်ပျူတာတစ်လုံးရှိသည်။ စမ်းသပ်ကိရိယာများရှိသည်။ ထိုကွန်ပျူတာသည်ပင် တာဝန်ကျဆရာဝန်ဖြစ်၏။

ကွန်ပျူတာက ညွှန်ကြားသည့်အတိုင်း သူ့ကို ဝါယာကြိုးများ၊ စက်ခလုတ်များဖြင့် ရစ်ပတ်သည်။ နောက် မှန်ချပ်များဖြင့်ပြုလုပ်ထားသော ခေါင်းတလားပုံသေတ္တာငယ်လေးထဲသို့ သူ့ကိုထည့်သည်။ ကွန်ပျူတာဖန်သားပြင်ပေါ်တွင် အစက်အပြောက်ငယ်များ၊ မျဉ်းကြောင်းများ၊





www.burmeseclassic.com

www.burmeseclassic.com


တဖျပ်ဖျပ်လှုပ်ရှားသွား၏။ နောက် စာရွက်ငယ်ကလေးထွက်လာသည်။ ထိုစာရွက်ကလေးကိုယူသွားပြီး ဆေးပေးခန်းထဲမှ စက်ရုပ်လက်ထဲထည့်လိုက်ရ၏။ သူ့ကို ဆေးနှစ်လုံးထိုးပေးသည်။ သောက်ရန် ဆေးဝါးများပေးလိုက်သည်။ နောက် သူ့ကို ဆေးရုံထဲမှ မောင်းထုတ်လိုက်၏။

စက်ရုပ်က . . .

"ဒါပဲ. . . သွားတော့၊ နောက်ကို နေမကောင်းဖြစ်မယ်ထင်တိုင်း ဒီကိုလာပြရမယ်၊ နားလည်လား၊ ဒီလူ့အဖွဲ့အစည်းမှာ နေမကောင်းဖြစ်တဲ့လူ မရှိရဘူး၊ အလကားနေရင်း ဖျားလို့နာလို့ သေတဲ့လူမရှိရဘူး၊ "လုပ်အား" ကို အကြောင်းမဲ့ အပြုန်းမခံနိုင်ဘူး၊ နားလည်လား"

ဒေါသဖြင့် စိတ်မချမ်းသာမှုဖြင့် သူ့တစ်ကိုယ်လုံး ကိုက်ခဲနာကျင်လာသည်။ "လုပ်အား" တဲ့၊ "လုပ်အား" ဆိုတာဘာလဲ။ သူ့မှာ လုပ်အားမရှိတော့တာကြာပြီ။ လုပ်အားဟာ ဘယ်မှာရှိတာလဲ။ စက်ရုပ်တွေဆီမှာရှိတာလား၊ နှလုံးသားမဲ့တဲ့ သတ္တုခွံတွေထဲမှာလား၊

အဲဒီ သတ္တုကောင်တွေရဲ့လုပ်အားကို ငါအပါအဝင် လူတွေအားလုံး မယှဉ်နိုင်ခဲ့တာ သေချာလှချည်ရဲ့ကွယ်။

●

သူ့လို အလုပ်လက်မဲ့လူများ ဦးနဂါး၏ရုံးရှေ့တွင် စုပြုံနေကြသည်ကို မြင်ရ၏။ ကွန်းခိုရိပ်သာသို့ ဝင်ခွင့်ရရန် လာလျှောက်ကြခြင်းပင်။ လျှောက်လွှာထုတ်ပေးရာ နေရာတွင် တိုးဝှေ့နေသူများ၊ ဝင်ပေါက်အနီးတွင် ယောင်လည်လည်လုပ်နေသူများ၊ လျှောက်လွှာပယ်ချခံရသောကြောင့် စိတ်ပျက်ညည်းတွားနေကြသူများ၊ ရန်ဖြစ်နေကြသူများ၊ ထိုင်ပြီးငိုင်တွေငေးမောနေကြသူများ၊ အကြောင်းမဲ့ အော်ဟစ်ဆဲရေးနေသူများ၊ ငိုကြွေးနေသူများ၊ ဪ. . . လူတွေ. . . လူတွေ. . . ဘာမှန်းမသိတဲ့ တန်ခိုးတစ်စုံတစ်ရာရဲ့အောက်မှာ ရှုံးနိမ့်လဲပြိုသွားသူတွေ. . . ။

●



www.burmeseclassic.com

www.burmeseclassic.com

အထပ်ခြောက်ဆယ်မြင့်သော ဦးနဂါး၏ ရုံးအဆောက်အအုံကြီးကို သူ မော့ကြည့်လိုက်သည်။ သူ့ကိုမိုးထားသော ရုပ်သတ္တုပစ္စည်းကြီး၏အောက်တွင် သူ့ကိုယ်သူ အလိုလိုနေရင်း ကျုံ့ဝင်သွားသလို ခံစားရ၏။ သူ အားငယ်လာသည်။ ငါ့လျှောက်လွှာကို ပယ်ချလိုက်ရင် ဘယ်လိုလုပ်မလဲ။ ကွန်းခိုရိပ်သာကို ဝင်ချင်သူတွေ များလွန်းသောကြောင့် လူတစ်ယောက်လျှင် တစ်နှစ်အတွက် လျှောက်လွှာတစ်စောင်သာတင်ခွင့်ပြု၏။ သည်လျှောက်လွှာ အပယ်ခံရလျှင် တစ်နှစ်လုံး သူ ဘယ်လိုနေထိုင်စားသောက် အသက်ရှင်ရမည်ကို မစဉ်းစားရဲ။ မိန်းကလေးဖြစ်လျှင်လည်း အကောင်းသားဟု သူတွေးမိသည်။ တင်ကလေးလှုပ်ပြရင်ကလေးလှုပ်ပြရသည့် အလုပ်ကလေးလောက်တော့ လုပ်စရာရဦးမည်။ အခုတော့ တခြားယောကျ်ား အလုပ်လက်မဲ့တွေနည်းတူ ကွန်းခိုရိပ်သာဝင်ခွင့် လျှောက်လွှာတင်ဖို့ ကြိုးစားရဦးမည်။





လူအုပ်ထဲ သူတိုးဝင်သွားပြီး လျှောက်လွှာတစ်စောင်တိုးယူလိုက်သည်။ ပုံစံများကိုဖြည့်ပြီး ပထမထပ်ရှိ လျှောက်လွှာလက်ခံရာ ဌာနသို့ သွားပို့၏။ လျှောက်လွှာလက်ခံသည့် ကွန်ပျူတာက ဒုတိယထပ်ရှိ အခန်းနံပါတ် "အက်စ် နှစ်ရာ့သုံး" မှာ သွားစောင့်နေပါဟု ညွှန်ကြားလိုက်သည်။ သူ ဒုတိယထပ်သို့တက်ခဲ့၏။

ထိုအခန်းရှေ့တွင် သုံးနာရီနီးပါးမျှကြာအောင် သူစောင့်ခဲ့ရသည်။ နောက် အခန်းဝမှ မီးနီ ကလေးလင်းလာပြီး သူ့လျှောက်လွှာနံပါတ် ပေါ်လာသည်။ သူ အခန်းထဲ သို့ဝင်သွားလိုက်သည်။ အခန်းထဲမှ ကွန်ပျူတာက . . .

"အမည်ပြောပါ"

သူ့နာမည် ပြောလိုက်သည်။ နောက်ကိုယ်တွင် ထင်ရှားသော အမှတ်အသား၊ အရပ်အမောင်း၊ ကိုယ်အလေးချိန်၊ သွေးအုပ်စုစသည်တို့ကို ဆက်မေး၏။ နောက်ဆုံး ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်ကို ပြောပါဟု ကွန်ပျူတာကခိုင်းသည်။ နောက်ဆုံး မေးခွန်းက . . .

"အလုပ်လက်မဲ့ဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

သူ မျက်ရည်ဝိုင်းလာသည်။ အသက်ကို ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီး . . .

"ငါးနှစ်ရှိပြီ"

ဟု ဖြေလိုက်၏။

ကွန်ပျူတာက ခေတ္တတိတ်ဆိတ်သွားသည်။ နောက် ကွန်ပျူတာထဲမှ အချက်အလက်များနှင့် ပုံစံစာရွက်တစ်ရွက်ထွက်လာ၏။ ကွန်ပျူတာ ဖန်သားပြင်ပေါ်တွင် ဒီစာရွက်ကိုယူပြီး သတ္တမထပ်ရှိ အခန်း



www.burmeseclassic.com

www.burmeseclassic.com

အယ်လ် ဒဗလျူ၊ ကိုးရှစ်သုည ကို သွားပါ။ ကျန်းမာရေးဆေးစစ်ခံပါ ဟူသော ညွှန်ကြားချက်စာတန်းပေါ်လာသည်။ သူ သက်ပြင်းတစ်ချက်ခိုးချရင်း အခန်းထဲမှထွက်ခဲ့၏။

သတ္တမထပ်ရှိ အခန်းထဲသို့ ရောက်သောအခါတွင်လည်း ရှေးဦးစွာ သူ၏အမည်၊ အသက် စသော မေးရိုးမေးစဉ်များမေးပြီးနောက် သူ့တစ်ကိုယ်လုံးကို စက်ကိရိယာအမျိုးမျိုးနှင့် စစ်ဆေးသည်။ နောက်ဆုံးတွင် သတ်မှတ်ထားသည့် ထုတ်ကုန်ပမာဏကို အပြည့်အဝ ထုတ်လုပ်နိုင်လောက်အောင် ကျန်းမာသန်စွမ်းခြင်းမရှိတော့ပါဟူသည့် ထောက်ခံချက်ကို ထုတ်ပေးပြီးနောက် အခန်းတစ်ခုသို့သွားရန် ညွှန်ကြားလိုက်ပြန်သည်။ ထိုနောက်ဆုံး အခန်းထဲရှိကွန်ပျူတာက သူယူဆောင်လာသော ထောက်ခံစာအားလုံးကို စစ်ဆေးပြီး . . .

"အားလုံး ပြည့်စုံပါပြီ၊ မင်းကို ဦးနဂါးနဲ့ တွေ့ခွင့်ပေးလိုက်မယ်၊ ဆယ့်ခြောက်ထပ်က အခန်းအမှတ် ဒီအီးအေ သုညလေး ကိုသွားပါ"

သူ ရင်တွေခုန်လာသည်။ အာခေါင်ထဲ ခြောက်ကပ်ကပ်ဖြစ်လာ၏။ တံတွေးကိုပင် မျိုချရန်မေ့နေသည်။ သူ ဦးနဂါးနှင့်တွေ့ရတော့မည်။ လူသားအားလုံး၏ဘဝကို ဖန်တီးချုပ်ကိုင်နေသော ဦးနဂါးနှင့် သူ မျက်နှာချင်းဆိုင် စကားပြောရတော့မည်။ သူ ဘာတွေပြောရမည်နည်း။ ဦးနဂါးကကော သူ့ကို ဘာတွေပြောပါလိမ့်မည်နည်း။

ဦးနဂါး၏ အခန်းရှေ့တွင် ရပ်ကာငိုင်နေမိသည်။ ခဏအကြာတွင် အချက်ပေးမီးသီးကလေး လင်းလာ၏။ သူ အထဲသို့ဝင်သွားလိုက်သည်။ ဦးနဂါးနှင့်သူ မျက်နှာချင်းဆိုင်လိုက်၏။

●





သူ့ဘဝကို အဆုံးအဖြတ်ပေးမည့် ဦးနဂါးဆိုသူမှာ နဂါးအမျိုးအစားအမှတ် အာရ်ပီ သုညတစ်ကိုး ကွန်ပျူတာကြီးတစ်လုံးပင် ဖြစ်နေလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

သူ ဘာမှပြောခွင့်ရတော့မည် မဟုတ်ပါ။ လူသားတို့၏ ခံစားချက်၊ လူသားတို့၏ မြင့်မြတ်သောစိတ်၊ လူသားတို့၏ ယဉ်ကျေးမှုအကြောင်း၊ လူနှင့် စက်တို့ကို နေရာတကာ ယှဉ်ထိုးဆုံးဖြတ်ခံနေရသည့်အကြောင်း ပြောလျှင်လည်း ဦးနဂါးနားလည်လိမ့်မည် မဟုတ်ပါ။ ဦးနဂါးကိုယ်တိုင်ပင်လျှင် စက်ပစ္စည်း အပိုင်းအစတစ်ခုဖြစ်ပါသည်။

ဦးနဂါး၏ ဖန်သားမျက်နှာပြင်ကို သူ ငေးစိုက်ကြည့်နေလိုက်သည်။ ဖန်သားပြင်ပေါ်တွင် အစက်အပြောက်များ၊ မျဉ်းတန်းများ လှုပ်ရှားသွားပြီးနောက် စာတစ်ကြောင်းပေါ်လာသည်။

"မင်းကို ကွန်းခိုရိပ်သာ ဝင်ခွင့်ပြုလိုက်တယ်။

ရိပ်သာဝင်ခွင့်လက်မှတ်ယူပြီး မင်းသွားနိုင်ပြီ"

စက်ထဲမှထွက်လာသော လက်မှတ်ကို သူ ဆွဲယူလိုက်သည်။

လက်မှတ်က အနီရောင်နံပါတ်တစ်ဆယ့်သုံး။

●





ကွန်းခိုရိပ်သာ ဟု ဆိုင်းဘုတ်တပ်ထားသော ခပ်ကျဉ်းကျဉ်း အခန်းတစ်ခုဆီသို့ သူ လျှောက်သွားနေသည်။ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း စိတ်ထဲက ပူလောင်လာသည်ဟု ခံစားရ၏။ အခန်းဝတွင် ရပ်မိလိုက်သောအခါတွင်မှ စိတ်ထင်မဟုတ်ဘဲ အမှန်တကယ် ပူလောင်နေခြင်းဖြစ်ကြောင်း သူသတိပြုမိသွားသည်။ အစောင့်စက်ရုပ်က သူ့လက်ထဲမှ ဝင်ခွင့်လက်မှတ်ကို လှမ်းယူ၏။

နောက် အခန်းတံခါးကို ဖွင့်သည်ဆိုရုံဖွင့်ကာ သူ့ကို တွဲခေါ်သွားသည်။ အခန်းထောင့်ရှိ ပက်လက်ကုလားထိုင်ပုံစံ ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်နိုင်း၏။

အပူရှိန်က ပြင်းသထက်ပြင်းလာသလို ခံစားရသောကြောင့် သူ နောက်သို့ လှည့်ကြည့်လိုက်သည်။ တစ်ဘက်တွင် မီးတဟုန်းဟုန်းတောက်နေသော ခြောက်ပေလေးပေအရွယ် သတ္တုစင်တစ်ခု။ မကြာခင် သူ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားရတော့မည့်နေရာ။

သူ စိတ်ကို လျှော့ချလိုက်ပြီး အသက်တစ်ချက် ဝဝရှူသွင်းလိုက်သည်။ စက်ရုပ်က သူ့ကို သတ္တုကွင်းများဖြင့် ချည်နှောင်လိုက်ပြီး အဆိပ်ရည်ထည့်ထားသော ဆေးထိုးအပ်ကို သူ့ လက်မောင်းသားထဲသို့ စိုက်ချလိုက်၏။

သူ ဝမ်းသာလွန်းသောကြောင့် မျက်ရည်များကျလာလေသည်။

■

ဆောင်း





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက် ဆောင်းဥတု ရောက်ရှိလာပုံမှာ တိတ်ဆိတ်လွန်းနေပါသည်။

ည၏ လျှို့ဝှက်သောအငွေ့အသက်များ ယှက်သန်းနေသည့် အသံခပ်အုပ်အုပ်ပြုသံများ၊ ရိုးတိုးရိပ်တိပ်အမှောင်များ၊ လက်ဆွဲမီးအိမ်ဝါကြန့်ကြန့်ကလေး ထွန်းညှိထားသည့် ဘူတာရုံအို၊ တွဲ့တွဲ့လေးလေး တရွတ်တိုက်ဆွဲဝင်လာသည့် ရေနွေးငွေ့သုံးမီးရထား စက်ခေါင်းမည်းမည်းကြီး. . . စသည်တို့ကို ဥရောပအလယ်ခေတ် စိတ်ကူးယဉ်ဝတ္ထုများထဲတွင် ဖတ်ထားမိသောကြောင့်လားတော့ မပြောတတ်ပါ။ ကျွန်တော့်အတွက်တော့ ဆောင်းဥတုဝင်လာပုံသည် မှောင်နှင့်မည်းမည်းဖြစ်နေသော တောမြို့ဘူတာရုံကလေးဆီသို့ မီးရထားအိုကြီးတစ်စင်း တရွေ့ရွေ့တိတ်တဆိတ် ဝင်လာပုံမျိုးနှင့် တူနေပါသည်။

●

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အကယ်စင်စစ် ထိုအဖြစ်ကို ဝေဒနာတစ်ခုပါဟု ကျွန်တော်ပြော ပြလျှင် သင့်အနေဖြင့် နားလည်နိုင်စရာမရှိသည့်နည်းတူ ကျွန်တော် ကိုယ်တိုင်လည်း သိပ်နားလည်လှသည်မဟုတ်ကြောင်း ဝန်ခံလိုပါသည်။ သို့သော် ဆောင်းဥတုဝင်လာပုံသည် တကယ်ပင် ဝေဒနာတစ်ခုဖြစ် သည်မှာ သေချာလှပါသည်။

"ဝေဒနာ" ကို နားလည်စရာမလိုဘဲ ခံစားရန်သာလိုအပ်သည့် အကြောင်း နားမလည်နိုင်သူများအတွက်တော့ ဘာမှ ပြောစရာရှိလိမ့် မည်မဟုတ်ပါ။

("တကယ်ဆိုလျှင် "နားလည်မှု" ဆိုသည်မှာ တကယ်တမ်း နားမလည်နိုင်ကြသူများအကြားတွင်သာ အဆင်ပြေအောင်ထားပေးရ သော "လုပ်ယူထားသည့် သဘောတူညီချက်" တစ်ခုမျှသာဖြစ်ကြောင်း နှင့် နားလည်မှုပေးရန် အော်ဟစ်တောင်းဆိုနေကြသော လူသား ယင်ကောင်တို့အဖို့ ထိုသို့တောင်းပန်နေခြင်းကပင်လျှင် နားလည်မှုရနိုင်





စရာမရှိတော့ကြောင်း ဖော်ပြချက် တစ်ရပ်ဖြစ်နေသည်ကို ကျွန်တော် စိတ်အေးလက်အေးရှိသည့်အခါများတွင် ပြောပြရပါဦးမည်)

ဆောင်းသည် ထိုသို့မဟုတ်ပါ။ လုပ်ယူထားသောသဘောတူညီ ချက်များ၊ နားလည်မှုများမပါဝင်ဘဲ ဆောင်းကို ခံစားရုံသက်သက် ကလေး ခံစားနိုင်ပါသည်။

●

ကျွန်တော် ပြတင်းပေါက်မှ ငေးကြည့်နေပါသည်။

ဆောင်းဥတုသည် မြက်ခင်းများ၊ အဝါရောင်ပန်းပွင့်ကလေးများ၊ ထုံးသုတ်ထားသည့် ခြံစည်းရိုးတိုင်များ၊ မြေနီလမ်းကလေးများနှင့် သစ် ပင်ခြေရင်းများပေါ်သို့ ဖွဖွကလေးကျလာခဲ့သည်။

ညနေခင်းဖြစ်သောကြောင့် အလင်းသည် အလွမ်းဆန်ဆန်ရင့်နေ ၏။ အေးစိမ့်သိပ်သည်းလာသော လေထုကို ကျွန်တော် တရင်းတနှီး သိကျွမ်းနေနှင့်သည်။ ထိုလေငွေ့နှင့် သိကျွမ်းခဲ့သည်မှာ ကြာပါပြီ။

ကျွန်တော် ကလေးဘဝတုန်းက မီးရထားသံလမ်းပေါ် နှင်းစက် တွေ စိုနေသည်ကို ရပ်ငေးကြည့်ခဲ့ဖူးကြောင်း ပြန် အမှတ်ရလာသည်။ ထိုလေငွေ့က ကျွန်တော့်နားရွက်နောက် လည်ပင်းသားတွေကို ပွတ်တိုက် သွားကြောင်းလည်း ပြန်အမှတ်ရလာသည်။ ကျွန်တော့်ကို ပွေ့ဖက်ထား သော အဖေ့လက်ဖဝါးနွေးနွေးများကိုလည်း ပြန်အမှတ်ရလာသည်။

ထိုအချိန်သည်လည်း ညနေခင်းပင်ဖြစ်ခဲ့သည်။ သို့သော် အခုလို



www.burmeseclassic.com

www.burmeseclassic.com

သားရဲတိရစ္ဆာန်တစ်ကောင်နှင့်တူလွန်းနေသော ညနေခင်းတော့မဟုတ်ခဲ့ပါ။

●

မြောက်ပြန်လေထဲတွင် ဆိတ်ဖလူးပန်းရနံ့တွေ တစိမ့်စိမ့်ဝေ့ကာ မျောလွင့်နေ၏။ တစ်ချက်တစ်ချက်တွင် အပြာရောင်မှုန်မှိုင်းကာ စိုစွတ်ပြီးတမြေ့မြေ့ကလေး ခါးသလိုလိုအောက်မေ့ရစေသော အငွေ့အသက်တစ်မျိုးကိုပါ ရှူရှိုက်ရလေသည်။ သစ်ရွက်ခြောက်တို့ကို စုပုံမီးရှို့ရာမှ ထွက်လာသော ရနံ့ပင်ဖြစ်သည်။ ကျွန်တော့်အဘွားက ခြံဝင်းမြေကွက်လပ်ကို လှဲကျင်းရာမှရသော အမှိုက်သရိုက်တချို့နှင့် သစ်ရွက်ခြောက်တို့ကို မီးရှို့နေသည်။ မကြာခဏလည်း တုတ်တစ်ချောင်းဖြင့် မီးပုံထဲသို့ ထိုးမွှေကာ လောင်စာများကို လှန်ဆွပေး၏။ ကျွန်တော်က နံဘေးတွင် ထိုင်ကာ မီးလှုံရင်း ဆောင်းညကောင်းကင်ထဲသို့ တလိပ်လိပ်တက်သွားသော ဖြူပျပျစ်ပျစ်မီးခိုးငွေ့တွေကို ငေးမောကြည့်နေပါသည်။ သစ်ရွက်ကိုင်းခြောက်တို့ကို မီးစွဲနေသည့်အသံ တဖြောက်ဖြောက်ကိုလည်း ကြားနေရ၏။ ညဉ့်နက်လာသည်နှင့်အမျှ ဆောင်းသည် နတ်သမီးနှင့် ပိုပိုတူလာ၏။ အိမ်ခေါင်မိုး တံစက်မြိတ်အစွန်းဆီမှကျသော နှင်းစက်တို့ကြောင့် သဲဆန်ဆန်မြေပြင်ပေါ်တွင် ချိုင့်ရာခွက်ရာကလေးများ ထင်လျက်ရှိလေသည်။

●





ကျွန်တော်၏ နတ်သမီးဆန်သော ဆောင်းညနေခင်းများကို လွမ်းရင်း ရင်ထဲမှာ ဆစ်ခနဲနာလာသည်။ အခုလို အချိန်မျိုးတွင်တော့ အရာရာသည် လွမ်းစရာတွေချည်းပဲဖြစ်သည်ဟု စိတ်ထဲကထင်နေ၏။

ထိုစိတ်ကြောင့်ပင် ပို၍လွမ်းရလေသည်။

နိုဝင်ဘာ(၁)ရက်နေ့ကျမှ ဆောင်းဟာ ဘတ်စ်ကားတစ်စင်းပေါ်က ဆင်းပြီး ရောက်လာသလိုမျိုး ရောက်ချလာတာပေါ့ဟု ပြောခဲ့ဖူးသော မိန်းမတစ်ယောက်ကို လွမ်းသည်။ သစ်ရွက်ခြောက်တွေ မီးရှို့သော ရနံ့ကိုလွမ်းသည်။ အေးစိမ့်တဲ့နှင်းငွေ့တွေကို ကြားထဲမှ ချစ်သူရဲ့လက်ဖဝါးကို ကိုယ့်ပါးပြင်မှာကပ်ပြီး အနွေးငွေ့ပေးချင်တယ်ဟု (တစ်စုံတစ်ယောက်က) ရေးခဲ့ဖူးသော စာတစ်ပိုဒ်ကိုလွမ်းသည်။ ဆိတ်ဖလူးပန်းရနံ့တွေကို သယ်ဆောင်ယူငင်လာတတ်သော မြောက်ပြန်လေကိုလည်း လွမ်းသည်။ သူ၏ သိုးမွေးဆွယ်တာ ဖြူဖြူကလေးကိုလည်း လွမ်းပါသည်။ သို့သော် ထိုအလွမ်းသည် ကျွန်တော်က လွမ်းချင်နေသော အလွမ်းတွေလား၊ သူတစ်ပါးက ကျွန်တော့်ကို လွမ်းစေချင်နေသော အလွမ်းတွေလားဆိုသည်ကိုတော့ သိပ်မသဲကွဲလှပါ။

အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော့်ကို (အခုလို အချိန်မျိုးတွင် "တစ်ယောက်ယောက်က လွမ်းနေမှာပဲ" ဟူသော အသိမျိုးကို တိတိကျကျ ယုံယုံကြည်ကြည်ရချင်လှပါသည်။ ကျေးဇူးပြု၍ ငါ့ကိုလွမ်းပါကွယ်။)

●



www.burmeseclassic.com

www.burmeseclassic.com


ယယ်ယယ်တုန်းက နတ်သမီးဆောင်းဥတုအကြောင်းတွေတွေးရင်း ကလေးဘဝ ရိုက်နှက် ဆုံးမခံခဲ့ရသည့်အခါတိုင်း (အခုလည်း သားရဲ တိရစ္ဆာန်နှင့်တူသော ညနေခင်းတစ်ခုထဲတွင်) ဖေဖေပြောတတ်သည့် စကားတစ်ခုကို ပြန်သတိရမိသည်။

"အိုးထိန်းသည်က အိုးကိုရိုက်တာ နာကျင်စေချင်လို့ မဟုတ်ဘူး။ အိုးကို လှပစေချင်လို့ ရိုက်တာ"

ဟူသော ခပ်ရိုးရိုး (ခပ်ဟောင်းဟောင်း) စကားတစ်ခုဖြစ်ပါသည်။

"အိုးကို ဘာဖြစ်လို့ လှပစေချင်ရတာလဲ"

ဟု ဘယ်သူကမှ ပြန်မမေးခဲ့ကြသည်ကိုလည်း တွေးမိတိုင်း ကျွန်တော် အံ့သြရပါသေးသည်။

"အိုးလှမှ အိုးထိန်းသည်အတွက် ဈေးကောင်းကောင်းရမှာပေါ့"

ဟု ကျွန်တော် ဆက်တွေးမိသည်ကို အပြစ်ဟု သင် ထင်ချင်လျှင် ထင်နိုင်ပါသည်။

●

သေချာသည်ကတော့ . . .

ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် ဈေးကောင်းကောင်းနှင့် အရောင်းချခံရဖို့အတွက် လှပချင်နေသော အိုးတစ်လုံးမဟုတ်ခဲ့ပါ။

ငါ့ကို ဘယ်အိုးထိန်းသည်ကမှ လာမရိုက်ကြပါနှင့်။

●



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းဥတုရောက်ရှိလာသော ထိုညနေခင်းတွင် ကျွန်တော်သည် အခန်းကျဉ်းကလေးတစ်ခုထဲတွင် တိတ်ဆိတ်စွာ ထိုင်နေခဲ့ရပါသည်။





# ကိုယ့်ဦးခေါင်းကိုယ်ပြန်ရွက်ထားရတဲ့ နတ်ဆိုး


www.burmeseclassic.com

www.burmeseclassic.com



(၁)

သကြားလုံး ငုံတာနှင့်. . . ချိုချဉ်စားတာ. . . အတူတူပဲလား ဟု မေးလျှင် သင် မည်သို့ဖြေမည်ဆိုသည်ကို ကျွန်တော်သိချင်ပါသည်။ ထို့အတူ နေကောင်းအောင်နေခြင်းနှင့် ကျန်းမာရေးလိုက်စားခြင်းသည် အတူတူပဲလားဟုလည်း ကျွန်တော် သိချင်ပါသည်။ နောက်ပြီး. . . နေထွက်ခြင်းနှင့် အရုဏ်တက်ခြင်းသည်လည်းကောင်း၊ ရှိသေခြင်းနှင့် လေးစားခြင်းသည်လည်းကောင်း၊ အိပ်မပျော်ခြင်းနှင့် အိပ်ရေးပျက်ခြင်းသည်လည်းကောင်း အတူတူပဲလား ဟု ကျွန်တော်မေးလျှင် သင့်အနေဖြင့် "တစ်ခုခု" အဖြေပေးစေလိုပါသည်။

အကယ်စင်စစ် . . .

ယင်းတို့သည် "အတူတူဖြစ်သည်" ဟု သင့်အနေနှင့် "ယုံကြည်" ထားလျှင်သော်လည်းကောင်း၊ "အတူတူမှဟုတ်ပါ့မလား" ဟု "သံသယ" ဖြစ်နေလျှင်သော်လည်းကောင်း . . .

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်းတွင် ဘာမှ ပြဿနာရှိလိမ့်မည်မဟုတ်ပါ။

အဲသည်အတိုင်းလေးသာ ထားလိုက်ဖို့လိုပါသည်။

"ယုံကြည်မှု" ဖြစ်ဖြစ်၊ "သံသယ" ဖြစ်ဖြစ် . . . ထို "တစ်စုံတစ်ခု" ရှောင်လွှဲလို့မရမည့်အတူတူတော့ နှစ်ခုစလုံးကို သူတို့ "အရှိ" အရှိအတိုင်းသာ ထားလိုက်ကြရအောင်။

ထိပ်ပြောင်နေသော လူများစွာတို့သည် သူတို့၏ လေးငါးဆယ် မျှင်မျှသော လက်ကျန် ဆံပင်မွေးကလေးများဖြင့် ကြိုးစားပမ်းစားဖြီးသင် ဖုံးဖိကြခြင်းကိုကြည့်လျှင် မည်မျှ ရယ်ဖွယ်ကောင်းသည်ကို သင်သတိထားမိပါလိမ့်မည်။

အရှိကိုအရှိတိုင်း လက်မခံနိုင်သူတို့၏ အူကြောင်ကြောင်လုပ်ရပ်များအကြောင်းကိုပြောရလျှင် ကမ္ဘာ့ထိပ်ပြောင်ကြီးများမှ စ ရလိမ့်မည်ထင်ပါသည်။

လက်မခံနိုင်ခြင်းကို "သံသယ" ဟုခေါ်လျှင် ကျွန်တော်သည် အရာရာကို သံသယရှိသူတစ်ယောက်ဖြစ်ပါသည်။

●





(၂)

"လောကတွင် တစ်ခုတည်းသော အမှန်တရားရှိသည်"

ဆိုခြင်းကို ကျွန်တော် သံသယဖြစ်သည်။

"ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မယ်"

ဟူသော အဆိုကို ကျွန်တော် သံသယဖြစ်သည်။

"ဆင်ခြင်ခြင်းသဘောဖြင့် အရာရာကို ဖြေရှင်းနိုင်သည်"

ဟူသော ထင်မြင်ယူဆချက်ကို သံသယဖြစ်သည်။

"လူသားကိုယ်တိုင်သည်ပင် လွတ်လပ်ခြင်းတရားဖြစ်သည်"

ဆိုသော ဒဿနကို ကျွန်တော် သံသယဖြစ်ပါသည်။ အရာရာကို ကျွန်တော် သံသယဖြစ်ပါသည်။

ထို့ကြောင့် . . . ကျွန်တော့်ရင်တွင်းမှာ "ဘယ်အရာမှ မရှိ" ဟု အောက်မေ့ထားခဲ့မိ၏။

မှန်ခြင်းကိုလည်းကောင်း၊ မှားခြင်းကိုလည်းကောင်း၊ ကောင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com

ခြင်းကိုလည်းကောင်း၊ ဆိုးယုတ်ခြင်းကိုလည်းကောင်း မည်သည့် "တစ်စုံတစ်ရာ" ကိုမဆို ကျွန်တော် သံသယဖြစ်သည်။ ကျွန်တော် မယုံပါ။

ကျွန်တော့်ဆရာက . . .

"မင်း သံသယဖြစ်လို့မရတဲ့ အရာတစ်ခုတော့ရှိတယ်ကွ"

ဟု ပြော၏။ ကျွန်တော် မနှစ်မြို့စွာ အံ့သြသွားသည်။ တစ်ခု. . .။ ဘာ ဘာတစ်ခုလဲ။

အရာရာကို သံသယဖြစ်နေသူတစ်ယောက်အတွက် "တစ်စုံတစ်ခု" ဆိုသည်မှာ ရှိနိုင်ပါသေးရဲ့လား။

"ဘာတစ်ခုလဲ ဆရာ"

ဟု ကျွန်တော် ပြန်မေးလိုက်သည်။ ဆရာက . . .

"သံသယ. . . ပေါ့၊ မင်းရဲ့ "သံသယ" ကိုတော့ မင်း ပြန်ပြီး သံသယဖြစ်လို့ မရဘူးလေ"

"တစ်စုံတစ်ရာ" ကို ဦးခေါင်းပေါ် ရွက်ထားရတာချင်း အတူတူတော့ သကြားလုံးငုံတာနှင့် ချိုချဉ်စားတာအကြောင်း အငြင်းမပွားဘဲ နေကြရအောင်. . .။ သင့်ဦးခေါင်းပေါ် ရွက်ထားသော "တစ်စုံတစ်ရာ" သည် "အမှန်တရား" ဖြစ်ချင်ဖြစ်မည်။ "ဘုရားသခင်" ဖြစ်ချင်ဖြစ်မည်။ "ကံကြမ္မာ" ဖြစ်ချင်ဖြစ်မည်။ "သံသယ" ဖြစ်ချင်ဖြစ်နေပါလိမ့်မည်။

ကျွန်တော့်မိတ်ဆွေတစ်ယောက်က ပြောသည်။

"လောကမှာ တစ်ခုတည်းသော အစစ်အမှန်တရားကိုရှာဖွေလို့ ယုံကြည်လို့မရမယ့်အတူတူတော့ အဲဒီအစား "ဘုရားသခင်" ကို အစားထိုးပြီး ယုံကြည်ပစ်လိုက်ရတော့တာပေါ့"





ဘုရားသခင်သည်လည်းကောင်း. . . အမှန်တရားသည်လည်းကောင်း. . . သကြားလုံးတစ်လုံး ဖြစ်ပါသလား။ ဖြစ်ချင်ဖြစ်ပါစေ. . . ထိပ်ပြောင်တစ်ယောက်မဟုတ်ရင် ပြီးတာပါပဲ။

သည်အကြောင်းကိုစဉ်းစားရင်း ကျွန်တော် အိပ်မပျော်သည်မှာ အတော်ကြာပါပြီ။ အိပ်မပျော်တာဟာ အိပ်ရေးပျက်တာပဲဟု ပြောလျှင် ရမည်ထင်၏။

တံတားလေး စိတ်ရောဂါကုဆေးရုံထဲတွင် အရူးတစ်ယောက်ကို ကျွန်တော် ထူးထူးခြားခြား သတိထားမိခဲ့သည်။ ထိုသူက ကျွန်အရူးများကို စိတ်ဓာတ်မကျဖို့ရန် လိုက်အားပေးနေ၏။

"ဘာမှ မစိုးရိမ်ကြပါနဲ့၊ အချိန်တန်လျှင် ဘုရားကကယ်လိမ့်မယ်"

ထိုကိစ္စသည် ရယ်မောစရာတစ်ရပ် မဟုတ်ခဲ့ပါ။

■



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်နှင့်လူ

ကြောင်နှစ်ကောင်တာပေ

www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်တော့်ဘဝကို တယောမထိုးဘဲ ရပ်တန့်ပစ်ထားခဲ့သည်မှာ ကြာပြီ။ ယခုလောလောဆယ်တွင် ကျွန်တော် လေချွန်နေပါသည်။

မှောင်လွန်းသော လမ်းများအကြောင်းကို ကျွန်တော် မတွေးမိအောင်နေသည်။ အလွမ်းဖွဲ့လွန်းသော တေးသီချင်းများအကြောင်းကို ပြန် သတိမရမိအောင် နေသည်။ အသက်ရှုကျပ်စေလွန်းသော အထီးကျန် မီးခိုးငွေ့များ၏အရောင်ကို မမြင်မိအောင်နေသည်။

ယခုလောလောဆယ်တွင် ကျွန်တော်လုပ်ရမည့်အလုပ်မှာ ပျော်ရွှင်စွာဖြင့် လေချွန်ဖို့ပင် မဟုတ်ပါလား။

●



www.burmeseclassic.com

www.burmeseclassic.com

(၂)

အမှန်တကယ်ပင် ကျွန်တော်ပျော်ရွှင်နေသင့်သောအချိန် ဖြစ်ပါသည်။ သင့်ရန်သူတစ်ယောက် အကြီးအကျယ် ကျရှုံးအားနည်းနေပြီကို သိရသည့်အချိန်တွင် သင်သည်လည်း ကျွန်တော့်လိုပင် ပျော်ရွှင်စွာ လေချွန်နေလိမ့်မည်ဟု ရိုးရိုးသားသားထင်ပါသည်။ (ကျွန်တော်မှားယွင်းလျှင် ခွင့်လွှတ်ပါ)

ယခု ကျွန်တော်သည် ကျွန်တော်၏ ရန်သူရှိရာဆီသို့ သွားနေခြင်းဖြစ်၏။

ထိုသူ၏ မိစ္ဆာတန်ခိုးများ ဝင်းဝင်းလက်လက် တောက်ပခဲ့စဉ် ဟိုယခင်တစ်ချိန်တုန်းကတော့ (သူ့ထံသို့သွားသော) ကျွန်တော်၏ခြေလှမ်းတိုင်းသည် အသက်အန္တရာယ်ဖြင့် ခြိမ်းခြောက်ခြင်း ခံခဲ့ရသည်။ ယခုလို လေချွန်ပြီး အေးအေးလူလူ သွားနိုင်ဖို့ကတော့ ဝေလာဝေး။

စကားစပ်မိ၍ ဝန်ခံရလျှင် ယခင်တုန်းကလည်း ထိုသူထံသို့ သုံး





ကြိမ်တိတိ အရောက်သွားရန် ကျွန်တော် ကြိုးပမ်း အားထုတ်ခဲ့ဖူးပါသည်။ သုံးကြိမ်စလုံးတွင် သွားရသည့်ရည်ရွယ်ချက်ကလည်း တစ်ခုတည်းသာဖြစ်၏။

သူ့ကို ကလဲ့စားချေရန်ဖြစ်သည်။

မှန်သည်။ ကလဲ့စားချေဖို့ ကိစ္စတစ်ခုတည်းမှတစ်ပါး သူနှင့် ကျွန်တော့်ကြားတွင် ဆက်ဆံစရာ ဘာ အကြောင်းမှမရှိ။ ကျွန်တော်သည် နှလုံးသားတစ်ခုလုံး မှောက်သွန်ချလိုက်လျှင် အမုန်းတရားတွေ အားလုံး ကမ္ဘာမြေကို ဖုံးလွှမ်းသွားလောက်သည်အထိ ထိုသူကို မုန်းတီးသည်။ လှိုက်လှိုက်လှဲလှဲ နှစ်နှစ်ကာကာ မုန်းတီးသည်။ စက်ဆုပ်သည်။ ရွံရှာသည်။

ဖြစ်နိုင်လျှင် ထိုသူကို သတ်ပစ်ချင်သည်။

သို့သော် သုံးကြိမ်စလုံးမှာပင် ကျွန်တော်သွားရသော ရည်ရွယ်ချက် မအောင်မြင်ခဲ့ပါ။ ပထမနှင့် ဒုတိယအကြိမ်များတွင် ကျွန်တော်သည် သူ့မျက်နှာကိုပင် မြင်ခွင့်မရခဲ့ပါ။ သူ၏ ခြံဝင်းအနီးသို့ကပ်မိသည်နှင့် တစ်ပြိုင်နက် သူ့လက်ပါးစေများက ဖြန်းခနဲ ပြေးထွက်လာကြပြီး ကျွန်တော့်ကို မလှုပ်နိုင်အောင် ဝိုင်းဝန်းချုပ်ကိုင်လိုက်ကြသည်။

ကျွန်တော့်ကို စကားပြောခွင့်ပင်မပေး။ သူတို့၏ (ကျင့်သားရနေသော) လက်သီး၊ ခြေထောက်၊ တုတ်၊ ကြာပွတ်. . . အစရှိသော အရာများကသာ ကျွန်တော့် ကိုယ်ခန္ဓာပေါ်သို့ မြွေဆိုးတွေဝိုင်းပေါက်သလို ရက်စက် ပြင်းထန်စွာ အဆက်မပြတ် ကျဆင်းလာခဲ့ကြတော့၏။

ကျွန်တော် ဘာမှမတတ်နိုင်ပါ။ ဒဏ်ရာများကြောင့် မေ့မြောသွား


www.burmeseclassic.com

www.burmeseclassic.com

ခါနီး ဆဲဆဲမှာတော့ သီချင်းတစ်ပုဒ်ကို တီးတိုးဆိုညည်းလိုက်မိသေး သည်ထင်၏။

"ပျံသာပျံပါ. . . ရွှီ. . . ရွှီ. . . ရွှီ. . . "

ထို့နောက် ကျွန်တော် သတိလစ်သွားတော့သည်။

●





တတိယ အကြိမ်မြောက်တွင်တော့ လက်ပါးစေများက ကျွန်တော့်ကို ချုပ်ကိုင်မိသွားကြစဉ်မှာပင် ခြံထဲမှ ပိန်ပိန်လှီလှီ ကုပ်ချောင်းချောင်း လူတစ်ယောက် ပြေးထွက်လာပြီး . . .

"ဟော့ကောင်တွေ နေကြဦး၊ မလုပ်ကြနဲ့၊ ဒီကောင့်ကို အထဲကိုဖမ်းခေါ်သွား၊ ဆရာကြီးက သူ့ကို တွေ့ချင်တယ်လို့ပြောနေတယ်"

လူမိုက်များက သူတို့ဆရာကြီး၏အမိန့်ကို လွန်ဆန်ရဲလောက်သည့်အထိတော့ မိုက်မဲဝံ့ကြပုံမရပါ။ ထို့ကြောင့် ကျွန်တော့်ကို လက်ပြန်ကြိုးတုပ်ပြီး ခြံဝင်းထဲသို့ တရွတ်တိုက် ဆွဲခေါ်သွားကြ၏။

ခြံဝင်းထဲရှိ ကိုယ်ပိုင်ရေကူးကန်ငယ်လေးတစ်ခု နံဘေးတွင် နေစာလှုံရင်း ဇိမ်ခံနေသော "သူ" ၏ ခန္ဓာကိုယ် အတ္တဘောဆူဖြိုးဖြိုးကြီးကို မြင်ရသည့်အခါ ကျွန်တော့်ရင်ထဲ ဒေါသတွေ ဆူပွက်ခါးသီးလာ၏။

သူ၏ အဆီတက်နေသော ကုပ်ပိုးသားများ နှစ်ထပ်ဖြစ်နေသော မေးစေ့၊ အိတွဲကျနေသော ပါးစောင်သားများကို ရွံရှာစက်ဆုပ်ဖွယ်တွေ့ရသောကြောင့် ကျွန်တော်က . . .



www.burmeseclassic.com

www.burmeseclassic.com

"ထွိ"

မြေပြင်ပေါ် တံတွေး ထွေးချလိုက်သည်။

သူက မျက်နှာတစ်ချက် ပျက်သွားသော်လည်း လေသံတည်တည် ငြိမ်ငြိမ်ဖြင့်ပင် "မင်း ဘာဖြစ်လို့ ငါ့ခြံထဲအကြိမ်ကြိမ် ခိုးဝင်ဖို့ ကြိုးစားနေတာလဲ၊ မင်းအကြောင်းကို ငါသိသလို ငါ့အကြောင်းကို မင်းအသိပဲ မဟုတ်လား၊ မင်းလိုကောင်မျိုးကို ဟောဒီလို ဟောဒီလို ငါ့လက်ညှိုးနဲ့ လက်မကြားမှာတင်ပွတ်ချေပြီး ပုရွက်ဆိတ်တစ်ကောင်လို သတ်ပစ်လိုက်လို့ရတယ်ကွ၊ ရှင်းလား"

ကျွန်တော်က အသက်ကို ဝအောင်ရှူရှိုက်လိုက်ပြီးနောက်. . .

"ရှင်းပါတယ်. . . သိပ်ရှင်းပါတယ်၊ ဒါပေမဲ့ ဒီထက် ပိုရှင်းတဲ့အချက်တစ်ချက် ရှိသေးတယ်ဆိုတာကိုလည်း ခင်ဗျားသိထားစေချင်တယ်၊ အဲဒါက ဘာလဲဆိုတော့ လောကကြီးရဲ့ အနိမ့်အမြင့်ဟာ အမြဲတမ်း တစ်သမတ်တည်း မတည်မြဲနေဘူးဆိုတဲ့အချက်ပဲ"

သူက မထီမဲ့မြင် ပြုံးပြီး ပခုံးတစ်ချက်တွန့်ပြ၏။

"အဲဒီတော့ ဘာဖြစ်သလဲ၊ ဆိုစမ်းပါဦး ချာတိတ်ရဲ့"

"ကျွန်တော့်မိဘတွေနဲ့ ကျွန်တော့်ညီလေးရယ်၊ ပြီးတော့ ကျွန်တော့်ညီမလေးရယ်ဟာ ခင်ဗျားကြောင့် ရှင်ကွဲ ကွဲခဲ့ရတယ်၊ သေကွဲကွဲခဲ့ရတယ်၊ အရှက်တကွဲ ဖြစ်ခဲ့ရတယ်၊ နောက်ဆုံး ဘဝတွေပျက်ပြီး နိဂုံးချုပ်သွားခဲ့ရတယ်၊ ကျွန်တော်ကိုယ်တိုင်လည်း ခင်ဗျားကြောင့် ဒုက္ခအမျိုးမျိုးရောက်ခဲ့ရတယ်၊ ဒါကို ခင်ဗျားသိပါတယ်နော်"

"သိပ်သိတာပေါ့၊ ဒါတွေအားလုံးဟာ မတော်တဆဖြစ်ခဲ့တာ မဟုတ်ဘူးလေ၊ ငါကိုယ်တိုင် ရည်ရွယ်ချက်ရှိရှိလုပ်ခဲ့တာပဲ၊ အတွေးအခေါ်ပညာရှင် ယန်းပေါ်ဆတ် ကပြောဖူးတယ်။ လူဆိုတာ မွေးရာပါ ဗီဇကြောင့် (ဒါမှမဟုတ်) ပတ်ဝန်းကျင်ရဲ့တွန်းထိုးမှုကြောင့် (ဒါမှမဟုတ်) ဇီဝကမ္မဆိုင်ရာ အချက်အလက်တစ်ခုခုကြောင့် လူယုတ်မာဖြစ်လာရတာ မဟုတ်ဘူးတဲ့။ ငါလည်း ဒီအတိုင်းပါပဲ။ ငါ့ကိုယ်ငါ လူယုတ်မာဖြစ်အောင် ငါ့အလုပ်တွေနဲ့ လုပ်လိုက်တာပဲဖြစ်တယ်။ ဒါဟာ ငါ့ရွေးချယ်မှုပဲ။ ငါ့ရပ်တည်မှုပဲ။ ဒီအတိုင်း ငါနောက်ဆုံးထွက်သက်အထိ ဆက်ရပ်တည်သွားမယ်ဆိုတာ မင်းမြဲမြဲမှတ်ထား ချာတိတ်ကလေး"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ဒီ မကောင်းဆိုးရွားကြီးသည် ဒဿနတစ်စုံတစ်ရာကို မှောင်မိုက်သည်အထိ မျိုချထားသော လူယုတ်မာတစ်ယောက်ဖြစ်သည်မှာ သေချာပါသည်။

ထို့ကြောင့် ကျွန်တော်က . . .

"ကျွန်တော့်ရဲ့ နောက်ဆုံးထွက်သက်အထိ ကြိုးစားသွားမယ့် လှုပ်ရှားမှုကလည်း ခင်ဗျားကို ကလဲ့စားချေဖို့ ဖြစ်တယ်ဆိုတာကို မြဲမြဲမှတ်ထားပါ။ ကျွန်တော် ခင်ဗျားကို အနိုင်ရမယ့်အချိန်ကို တစ်သက်လုံးပဲ စောင့်ရစောင့်ရ. . . ကျွန်တော် စောင့်မယ်၊ ဒါ ကျွန်တော့်ရဲ့ ရွေးချယ်မှုပဲ"

သူက ပိုင်ပိုင်နိုင်နိုင်ပြုံးလိုက်ပြီး . . .

"စိတ်ချ. . . ငါ့ကို မင်း ဘယ်တော့မှမနိုင်စေရဘူး၊ ကဲ တပည့်တို့ ဒီချာတိတ်ကို . . .

သူက စကားကိုပင်ဆုံးအောင်မပြောတော့ဘဲ သူ့တပည့်လက်ပါး




ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စေများကို မျက်ရိပ်ပြလိုက်သည်။ ထုံးစံအတိုင်း မြွေဆိုးနှင့်တူသော အနာတရများက ကျွန်တော့်ခန္ဓာကိုယ်ပေါ်သို့ တဝုန်းဝုန်း။

နောက်ဆုံး သတိမလစ်ခင်အသိကလေးဖြင့် သီချင်းတစ်ပုဒ်ကို တီးတိုးဆိုလိုက်သည်။

"ပျံ့သာ ပျံ့သာ. . . . ရှိ. . . ရှိ. . . ရှိ. . ."

●



ကျွန်တော့်တစ်ကိုယ်လုံး ပေါ့ပါးစွာ လေချွန်ရင်း လမ်းလျှောက်လာနေသည်။ သည်အချိန်ကို စောင့်ဆိုင်းနေခဲ့သည်မှာ တစ်သံသရာနှင့် တစ်ရက်တိတိရှိခဲ့ပြီ မဟုတ်လား။

"ပျံ့သာ ပျံ့ပါ . . . ရှိ. . . ရှိ. . . ရှိ. . ."

ကျွန်တော့် ချစ်လှစွာသော မကောင်းဆိုးရွားကြီး၏ ဘဝသည် နောက်ဆုံး နိဂုံးဆီသို့ ချဉ်းကပ်နေပြီဖြစ်သည်။

သူ့မှာ အလင်းရောင်မရှိတော့။ နံနက်ခင်းမရှိတော့။ တန်ခိုးသြဇာတွေမရှိတော့။ ဘုန်းတော်ဘွဲ့တော်တွေမရှိတော့။ အခြွေအရံတွေမရှိတော့။ လက်ပါးစေ အာဏာပါးကွက်သားတွေ မရှိတော့။ စည်းစိမ်ဥစ္စာတွေမရှိတော့။

ဘာမှ မရှိတော့။ ဘာမှမရှိတော့။ ဘာမှမရှိတော့။

လွန်ခဲ့သည့် တစ်လခန့်ကပင် သူ လေဖြတ်သွားသည်ဟု သတင်းကြားရသည်။ သူဘယ်ဘက်တစ်ခြမ်းလုံး မလှုပ်ရှားနိုင်တော့။ ချောင်ကျကျပုဂ္ဂလိက ဆေးရုံလေးတစ်ရုံသို့ တင်လိုက်ရပြီးနောက် ယခုတော့



www.burmeseclassic.com

www.burmeseclassic.com

ထိုဆေးရုံမှာပင် ဘီးတပ်ကုလားထိုင်တစ်လုံးပေါ် ထိုင်လျက် နေဝင်ချိန်ကို တစ်ဝက် အသေကောင်ဘဝဖြင့် စောင့်မျှော်နေလေပြီ။

"ပျံသာ ပျံပါ. . . ရှိ. . . ရှိ. . . ရှိ. . ."

●





(၃)

ဆေးရုံဝင်းတံခါးဝသို့ ရောက်သည့်အချိန်တွင် ကျွန်တော့်တစ်ကိုယ်လုံး နွေးထွေးနေသည်။ ယခုအချိန်တွင် သူထံသို့ ကျွန်တော် အေးဆေးစွာ တည့်တည့်မတ်မတ်လျှောက်ပြီး ဝင်သွားရုံသာရှိတော့သည်။ ကျွန်တော့်ကို နှောင့်ယှက်မည့်သူမရှိ။ တားဆီးမည့်သူမရှိ။

ယခင်အခါများကလို နှိပ်စက်ကလူပြုမည့် သူ၏ လက်ပါးစေများလည်း မရှိတော့ပါ။ လေဖြတ်၍ ကိုယ်တစ်ခြမ်း သေနေသော သူကိုယ်တိုင်ကလည်း ကျွန်တော့်ကို မည်သို့မျှ ဒုက္ခပေးနိုင်စွမ်းမရှိတော့ပါ။

မရှိတော့သော အရာများစွာတို့အနက် အရေးအကြီးဆုံးတစ်စုံတစ်ရာပါ "မရှိ" တော့ဘဲ ဖြစ်နေသည်။ ယင်းမှာ. . . ကျွန်တော့်ရင်ထဲ၌ လက်စားချေလိုသော စိတ်ပါ မရှိတော့ခြင်းဖြစ်၏။

အချိန်ကာလသည် သူ၏တန်ခိုးသြဇာကိုပါ သတ်ဖြတ်ခဲ့ရုံမျှမက


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ရင်ထဲမှ အမုန်းတရား၏ မီးတောက်ကိုပါ ငြိမ်းသတ်ခဲ့ချေပြီတည်း။

●

လေဖြတ်နေသော ဒုက္ခိတကြီးတစ်ယောက်ကို လက်စားချေနိုင်လောက်အောင် ပြင်းထန်သော ခါးသီးမှုမျိုးဖြင့် ကျွန်တော် လူမဖြစ်ချင်ပါ။

သူ့ကို ခွင့်လွှတ်ခြင်းလည်းမဟုတ်ပါ။

ကျွန်တော် ဝါးစားမိနေသောအရသာကို ခါးမုန်းသိ၍ ကျွန်တော့်ဘာသာကျွန်တော် ထွေးထုတ်ပစ်လိုက်ခြင်းသာဖြစ်သည်။

နေပါစေတော့. . . ။

ယခု ကျွန်တော့်မှာ ဆန္ဒ တစ်ခုသာရှိတော့သည်။ ထိုဆန္ဒမှာ (ယခင် သူ့ထံသို့လာခဲ့စဉ် သုံးကြိမ်စလုံးက) ဆုံးအောင် မဆိုခဲ့ရသော သီချင်းတစ်ပုဒ်ကို သူ့ရှေ့မှောက်မှာပင် အပြီးသတ် ဆိုပြချင်ရုံ သက်သက်မျှသာဖြစ်၏။

ကျွန်တော်. . . လာခဲ့သည်။

သူ့ကို သီချင်းဆိုပြရန် ကျွန်တော်လာခဲ့သည်။

●





(၄)

ဆေးရုံ တံခါးဝကိုစောင့်သော အစောင့်နှစ်ယောက်က ကျွန်တော့်ကို ဘယ်သွားမလို့လဲဟုမေးမြန်းသည်။ ကျွန်တော်က ကျွန်တော်တွေ့လိုသူ၏နာမည်ကို ပြောပြလိုက်သောအခါ သူတို့က ဆေးရုံဝင်းထဲရှိ ပန်းခြံသို့သွားရန် လမ်းညွှန်လိုက်၏။

ကျွန်တော်က သူတို့ကို ခေါင်းညိတ်ပြပြီး ဆေးရုံပန်းခြံဆီသို့ လျှောက်ခဲ့သည်။ ပန်းခြံအဝင်ဝရှိ မိုးမခပင်အောက်မှာပင် သူ့ကို ကျွန်တော် တွေ့လိုက်ရခြင်းဖြစ်သည်။

ဘီးတပ် ကုလားထိုင်ပေါ်တွင်. . . ။

သူ၏ ကုပ်ပိုးသားများ ပါးစုံများသည် တွဲရွဲပျော့အိကျနေ၏။ ဝမ်းဗိုက်ကြီးကလည်း ယခုလို မဆူဖြိုးတော့ဘဲ ပိန်လှီခြောက်ကပ်နေသည်။

သို့သော် သူ၏မျက်လုံးများကတော့ အိုမင်းသည့်တိုင် မှိန်ဆာဆန်



www.burmeseclassic.com

www.burmeseclassic.com

ဆန် တောက်ပနေကြဆဲပင်။

ကျွန်တော်က သူ့ရှေ့တွင် ရပ်လိုက်ပြီး . . .

"ခင်ဗျား. . . ကျွန်တော့်ကို မှတ်မိသေးရဲ့လား"

ဟု မေးလိုက်သည်။ သူ၏ အိုမင်းမစွမ်းမျက်လုံးများက တစ်ချက် မော့ကြည့်၏။ လေဖြတ်ထားသောကြောင့် ဘယ်ဘက် မျက်ခွံတစ်ဘက်က မပွင့်တပွင့်။

မှောင်ရီနေသော မျက်ဝန်းထဲတွင် အမည်နာမ ကင်းမဲ့သော အရိပ်တစ်ခုကို ဖျတ်ခနဲ တွေ့လိုက်ရသည်။ သူ ကျွန်တော့်ကို မှတ်မိသည်မှာသေချာပါသည်။ အရုပ်ဆိုးစွာ တစ်ခြမ်းရွဲ့နေသော သူ့ပါးစပ်မှ မပီဝိုးတဝါးအသံတစ်ခုထွက်လာ၏။

"ဝု. . . အ. . . အ. . ."

"ခင်ဗျားကိုလက်စားချေဖို့ ကျွန်တော်ရောက်လာပြီလေ၊ ကဲ ဒီတစ်ခါတော့ ကျွန်တော့်အလှည့်ပဲ၊ ဘယ်လိုလဲ ခင်ဗျား သိပ်ကြောက်နေပြီလား"

သူက ခေါင်းခါပြ၏။ သည်တစ်ခါ အံ့သြသွားရသူမှာ ကျွန်တော်ကိုယ်တိုင်ပင်ဖြစ်လေသည်။ ထို့ကြောင့် ကျွန်တော်က . . .

"ခင်ဗျားကြောက်ရမယ်၊ ကြောက်ကိုကြောက်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ခင်ဗျားကိုသတ်ဖို့လာတာလည်း မဟုတ်ဘူး၊ နှိပ်စက်ညှင်းပန်းဖို့လာတာလည်း မဟုတ်ဘူး၊ သီချင်းတစ်ပုဒ် ဆိုပြဖို့လာတာ၊ ခင်ဗျား အနိုင်ရနေစဉ်တုန်းက ကျွန်တော် ဆုံးအောင်ဆိုခွင့်မရတဲ့ သီချင်းတစ်ပုဒ်ပေါ့၊ ကဲ. . . ဘယ်လိုလဲ၊ နားထောင်ဖို့ အဆင်သင့်





ဖြစ်ပြီလား"

သူ့မျက်လုံးတွေ ကျဉ်းမြောင်းသွားကြသည်။ စက်ဆုပ် မုန်းတီးမှုတွေက သူ့မျက်လုံးအိုများထဲတွင် မီးလျှံလို တောက်ပနေ၏။

ကျွန်တော်က သီချင်းကို စိတ်ပါလက်ပါ စတင်သီဆိုလိုက်သည်။

"ပျံသာ ပျံပါ. . . ရွှီ. . . ရွှီ. . . ရွှီ. . ."

"ဝူး. . . အား. . . အ. . . ဝူး. . . ဝါး. . ."

သူက လေဖြတ်ထားသဖြင့် ပါးတစ်ခြမ်းရွဲ့နေသောပါးစပ်ကြီးကို အစွမ်းကုန်ဖြကာ စိတ်နာကျင်သော ဝေဒနာဆိုးဖြင့် ကျွန်တော့်သီချင်းသံကို ရပ်တန့်သွားအောင် တားဆီးဖို့ ကြိုးစားနေသည်။

ကျွန်တော်ကတော့ သူ့ကိုဂရုမစိုက်ဘဲ. . .

"ပျံသာ ပျံပါ. . . ရွှီ. . . ရွှီ. . . ရွှီ. . ."

သူ့အကြည့်က ကျွန်တော့်ကို တစ်စစီ ဆုတ်ဖြဲပစ်ချင်သည့်ပုံစံမျိုး။ အတိတ်မှခွန်အားတွေက သူ့ထံသို့ မုန်တိုင်းလိုရောက်ရှိလာပုံမျိုး။

"စိတ်ချ ငါ့ကို မင်း ဘယ်တော့မှမနိုင်စေရဘူး" ဟု တစ်ချိန်က သူပြောခဲ့ဖူးသော စကားလုံးတွေက သူ့မျက်ဝန်းအိုများထဲတွင် ရုတ်တရက် မိုးကြိုးလို ချွန်းထစ်သွားပြီး . . .

"ဝူး. . . ဝူ. . . ဝါး. . ."

သူက အသံနက်ကြီးဖြင့် ကျယ်လောင်စွာ အော်ဟစ်လိုက်ရင်း ကျွန်တော် လုံးဝ မထင်မှတ်ထားသော အပြုအမူတစ်ခုကို လုပ်လိုက်သည်။

သူ၏ အကောင်းပကတိရှိနေသေးသော ညာဘက်လက်ကိုပါးစပ်


www.burmeseclassic.com

www.burmeseclassic.com


ဆီသို့မြောက်ပြီး သွားများဖြင့် သူ့လက်ကို သူပြန်ကိုက်လိုက်ခြင်းဖြစ်သည်။ သွေးတွေ ဖြာခနဲကျလာ၏။

ထို့နောက် . . .

"ဝူး . . . အား . . . အား . . ."

နာကျင်ကျယ်လောင်စွာ အော်ဟစ်နေသော သူ့အသံကြောင့် ခြံဝမှ ဆေးရုံအစောင့်နှစ်ဦးက ပြေးလာကြပြီး . . .

"ဘာဖြစ်တာလဲ . . . ဘာဖြစ်တာလဲ"

"ဝု . . . အု . . . အု . . . ဝုတ် . . . အာ . . ."

သူက သူ့လက်မှသွေးတွေ စီးကျနေသော ဒဏ်ရာကိုပြရင်း ကျွန်တော့်ဘက်သို့ မေးငေါ့ပြသည်။ ထို့နောက် "သူ့ကို ဒဏ်ရာရအောင် ကျွန်တော်က လုပ်ပါသည်" ဟု အဓိပ္ပာယ်ရသော မပီကလာပီကလာ စကားလုံးများဖြင့် တိုင်တန်း၏။

"ဝူ . . . ဝူ . . . ဝုတ် . . . အာ . . ."

အစောင့်နှစ်ဦး၏ ဒေါသအကြည့်က ကျွန်တော့်ဆီသို့ ဖြုန်းခနဲ ရောက်လာ၏။ ကျွန်တော် ဖြေရှင်းချိန်ပင်မရလိုက်၊ ကြောင်ငေးကြည့်နေဆဲမှာပင် အစောင့်များက . . .

"တောက် . . . တော်တော်မိုက်ရိုင်းတဲ့ကောင်၊ အိုကြီးအိုမ ဝေဒနာသည်ကိုမှ လာပြီး ဒုက္ခပေးရတယ်လို့"

"လူမဆန်တဲ့ကောင် သေပေတော့"

သူတို့၏ ထိုးနှက်ကန်ကျောက်မှုများအောက်တွင် ကျွန်တော် လဲကျသွား၏။



BURMESE CLASSIC .com

သီချင်းကို ဆုံးအောင်မဆိုရသေးခင်မှာပင် ကျွန်တော် သတိလစ်မေ့မြောသွားသည်။

"ပျံသာ ပျံပါ . . . ရှိ . . . ရှိ . . . ရှိ . . ."

နောက်ဆုံးအကြိမ်တွင်လည်း သူကသာ ကျွန်တော့်ကို အနိုင်ယူသွားခဲ့တော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

(၅)

နောက် ရက်သတ္တနှစ်ပတ်မျှအကြာတွင် သူကွယ်လွန်သွားသည်ဟု ကျွန်တော်ကြားရသည်။ ခွေးရူးပြန်ရောဂါဖြင့် ကွယ်လွန်သွားခြင်းဖြစ်သည်ဟုဆို၏။

ဆေးရုံထဲတွင် မည်သည့်ခွေးမျှမရှိ၊ ခွေးကိုက်ခံရခြင်းလည်း မရှိပါဘဲနှင့် ဘာကြောင့် ထိုရောဂါဖြင့် သေဆုံးရသလဲဟူသည်ကို ဘယ်သူမှ စဉ်းစား၍မရကြ။

ထိုအဖြေကို သိသူမှာ ကျွန်တော်တစ်ယောက်တည်းသာ ရှိသည်ဟု ထင်ပါသည်။

မင်းခိုက်စိုးစန်



BURMESE CLASSIC .com
www.burmeseclassic.com